ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရား ဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)



# အင်အားကြီးသော တိုင်းရင်းသားများက အင်အားငယ်သည့် တိုင်းရင်းသားများအား ညှာတာ၍ ၎င်းတို့၏အခွင့်အရေးကိုလည်း ကာကွယ်ရမည့် တာဝန်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရားဥပဒေစိုးမိုးရေးဆိုသည်မှာ နိုင်ငံ၏လုံခြုံမှု၊ တည်တံ့ခိုင်မြဲမှုနှင့် တိုးတက်မှုကို အကာအကွယ်ပေးထားသည့် အဆောက်အအုံဖြစ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အား ဖိနှိပ်ချုပ်ချယ်ထားခြင်း မဟုတ်ဘဲ ကာကွယ်ထားခြင်းဖြစ်ရန်လိုပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် မိမိတို့ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများကို အကျိုးဖြစ်စေမည့် ဥပဒေများနှင့် ကာကွယ်လွှမ်းမိုးထားသည်ဆိုသည့် အနက်အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်၌ကျင်းပသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားများအနေဖြင့် မိမိကိုယ်ကို စောင့်ရှောက်နိုင်မည့် အင်အားရှိပါကြောင်း၊ ထို့ကြောင့် အရေအတွက်များသော တိုင်းရင်းသားများက လူနည်းစုနှင့် လူမျိုးစုငယ်များ၏ ဘာသာစကားနှင့် ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများအား မပျောက်ကွယ်အောင် စောင့်ရှောက်ရမည့် ကြီးလေးသည့် တာဝန်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ချဉ်းကပ်ဆောင်ရွက်မည်ဆိုပါက လူမျိုးစုငယ်များ၏ လိုအပ်ချက်များကိုလည်း မမေ့ရန်လိုအပ်ပါကြောင်း၊ အရေအတွက်များ၍ အင်အားကြီးသော တိုင်းရင်းသားများက အင်အားငယ်သည့် တိုင်းရင်းသားများအား စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

## နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အသုံးစရိတ်များကို ပြည်ထောင်စုက ကောက်ခံရရှိသည့် အခွန်ငွေများအပေါ်တွင် ရပ်တည် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိ

လွှတ်တော်သတင်းစာမျက်နှာ - ၅

## ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက်၊ စုစုစည်းစည်း ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်စေချင်သည့် ပြင်းပြသည့်ဆန္ဒ၊ စိုးရိမ်ကြောင့်ကြမှုအတွေးတို့က လည်း ဝင်ရောက်လာခဲ့ပြန်သည်မို့ အတွေးတို့သည် အေးတစ်ခါ နွေးတစ်လှည့်ဖြင့်ရှိနေခဲ့ပြန်တော့...

ဆောင်းပါးစာမျက်နှာ - ၆

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်ခြံစည်းရိုး အဆင့်မြှင့်တင်ရေး မောင်တောဒေသခံပြည်သူများလိုလား

**မောင်တော ဇန်နဝါရီ ၃၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်အဖြစ် ကာရံထားသည့် သွပ်ဆူးကြိုးခြံစည်းရိုးကို ရခိုင်ပြည်နယ် မောင်တောဒေသရှိ ဒေသခံပြည်သူများက ပြန်လည်ပြင်ဆင်ပြီး အဆင့်မြှင့်တင်ရန်လိုလားကြောင်း သိရသည်။

မောင်တောမြို့ အနောက်ဘက် ငါးဖာလုံခန့်အကွာတွင် စိုက်ထူထားပြီး နယ်စပ်ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း လွယ်ကူစေရန်ရေးမှတ်ထားသည့် နယ်စပ်ခြံစည်းရိုး တိုင်အမှတ် ၇၉၆၊ ၁၀၆၅၊ ၁၁၈၀ နှင့်အနီးတစ်ဝိုက်တို့တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ လွယ်ကူစွာ ကူးလူးသွားလာနိုင်သည့် ခြံစည်းရိုးအပေါက်ကြီးများ ဖြစ်ပေါ်နေသည်။

"ဟိုဘက်နိုင်ငံနဲ့ ဒီဘက်နိုင်ငံ လွယ်ကူစွာသွားလာလိုကြတဲ့သူတွေက ဖျက်ဆီးကြတယ်၊ အပေါက်တွေဖောက်ကြတယ်။ သံဆူးကြိုးတွေကလည်း ဆားငန်လေနဲ့ ဆားငန်ရေဒဏ်မခံနိုင်ဘူး။ ဖြစ်နိုင်ရင်တော့ အုတ်တံတိုင်းမြင့်မြင့်ခတ်စေချင်တယ်။ နယ်စပ်ခြံစည်းရိုးကို အဆင့်မြှင့်တင်စေချင်တယ်။ ဒေသခံပြည်သူတွေအားလုံးကလည်း နယ်စပ်ခြံစည်းရိုးကို စာမျက်နှာ ၃ ကော်လံ ၃သို့



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## နိုင်ငံ့အကျိုးဝိုင်းဝန်းသယ်ပိုး

လူဟူသော ပုထုဇဉ်လူသားများအနေဖြင့် အတ္တနှင့်ပရယှဉ်လာပါလျှင် အတ္တကို ရှေ့တန်းတင်ကြသည်က များသည်။ အရိယာသူတော်စင်မှလွဲ၍ အတ္တနည်းသူနှင့်အတ္တများသူဟူ၍သာ ကွာခြားမှုရှိသည်။ ပရဟုဆိုရာ၌ မြန်မာပြည်ရှိ ပြည်သူအများစုမှာ မူလဘူတစိတ်နေစိတ်ထားများအရ ပရဟိတဟူသော ကိုယ်ကျိုးမဖက် သူတစ်ပါးအကျိုးကို ဆောင်ရွက်လိုစိတ်ရှိသူများမှာ များကြပါသည်။

ကိုယ်ကျိုးမဖက် သူတစ်ပါးအကျိုးကို ဆောင်ရွက်ဟုဆိုရာ၌လည်း ကိုယ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း ရိုင်းပင်းတတ်ကြပါသည်။ သို့ရာတွင် လူအများစုမှာ မိမိတို့၏စည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍မူ သူတစ်ပါးအကျိုးကိုရှေးရှု၍(မွန်မြတ်သည့် စိတ်ထားရှိသောသူများမှအပ)ပေးအပ်လိုမှု၊ ပေးဆပ်လိုမှု နည်းကြပါသည်။

ယင်းမှာ အခြားမဟုတ် အခွန်ပေးဆောင်မှု၊ အခွန်ငွေပေးအပ်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခွန်ငွေကို တာဝန်ကျေစွာပေးဆောင်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရှိကြသော်လည်း အလုံးစုံအပြည့်အဝ ပေးအပ်ကြသူများ မရှိသေးဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူအများစုမှာ အခွန်ယဉ်ကျေးမှုနှင့် မနီးစပ်ကြသေးချေ။ အခွန်ပေးဆောင်ခြင်းသည် မိမိတို့၏အကျိုးစီးပွားထိခိုက်နိုင်သည်ဟု ယူဆထားကြသည်။

အမှန်တွင် အခွန်ငွေပေးဆောင်ခြင်းသည် ပရဟိတဟူသော အများအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းမည်ပေသည်။ အခွန်ငွေကို ပေးဆောင်ထိုက်သော လူတိုင်းလူတိုင်း တာဝန်သိစွာပေးဆောင်ခြင်းသည် ထိုနိုင်ငံအတွက် ခနအင်အားတောင့်တင်းခိုင်မာပြီး နိုင်ငံ့အကျိုး၊ ပြည်သူပြည်သားများအကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို သတိမူကြရမည်ဖြစ်သည်။

အခွန်ထမ်းခြင်းဓလေ့ကို ရှေးမြန်မာမင်းများလက်ထက်ကတည်းက စတင်ခဲ့သည်။ ပြည်သူပြည်သားများ ထမ်းဆောင်ကြသော အခွန်ငွေအရပ်ရပ်ဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကြသည်။ တိုင်းပြည်ကာကွယ်ကြသည်။ တိုင်းပြည်အကျိုးဆောင်ရွက်ကြသည်။ ချီးမြှင့်ထိုက်သူများကို ချီးမြှောက်ကြသည်။ ပဒေသရာဇ်စနစ်ဖြစ်၍ ရွှေကျောင်းပြောင်ပြောင်ဖြစ်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် အခွန်ကောက်ခံငွေသည် ပြည်သူ့ဘဏ္ဍာဖြစ်လာသည်။ ပြည်သူ့အကျိုးကို ဖြည့်ဆည်းပေးရမည့် ငွေကြေးဥစ္စာဖြစ်သည်။ အခွန်ကောက်ခံမှု မှန်ကန်ကောင်းမွန်လျှင် ထိုနိုင်ငံခနဥစ္စာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်ရပ်တည်နိုင်သည်။ အခွန်ကောက်ခံမှု မမှန်ကန်ကောင်းမွန်မှုမရှိလျှင် ထိုနိုင်ငံခနဥစ္စာနည်းပါးပြီး မဖွံ့ဖြိုး၊ မပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရသည်။

အခွန်ငွေကို မလျော်မကန်ကောက်ခံခြင်းမဟုတ်၊ အခွန်ဥပဒေဖြင့် စနစ်တကျကောက်ခံခြင်းဖြစ်သည်။ ဝင်ငွေခွန်တွင် မိမိ၏ရရှိသော ဝင်ငွေအရ အခွန်ကင်းလွတ်နိုင်သော အခွင့်အရေးသတ်မှတ်ချက်များပေးထားသည်။ ကင်းလွတ်ချက်မှကျော်လွန်၍ ပိုလျှံသောဝင်ငွေကိုသာ ပေးဆောင်ရသည်။ လုပ်ငန်းနှင့် အရောင်းအဝယ်များအတွက်မူ ရရှိသော အမြတ်အစွန်းအလိုက် သတ်မှတ်ထားသော အခွန်ငွေကို ပေးဆောင်ကြရသည်။

သို့ရာတွင် အခွန်မဆောင်မှုများ၊ အခွန်ရှောင်မှုများ၊ အခွန်လျှော့မှုများ ရှိနေသေးသည်။ အခွန်ယဉ်ကျေးမှု မြန်မာနိုင်ငံတွင် မဖြစ်ထွန်းသေးဟု ဆိုရမည်။ အခွန်ထမ်းရမည့်သူများကလည်း တာဝန်ကျေပွန်စွာထမ်းဆောင်၊ အခွန်ကောက်မည့်သူများကလည်း သစ္စာရှိစွာဖြင့် ကောက်ခံကြလျှင် ထိုနိုင်ငံဘဏ္ဍာပြည့်စုံဖူလုံကာဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူပြည်သားများအကျိုးကို ထိထိရောက်ရောက် ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အခွန်ထမ်းခြင်းသည် ပရဟိတအလုပ်ကို ဆောင်ရွက်ခြင်းသဘောဖြစ်၍ မွန်မြတ်သောတာဝန်ကို ကျေပွန်စွာထမ်းရွက်ခြင်းမည်သည်။ ထို့ကြောင့် အခွန်ဝန်ထမ်းများကလည်း စိတ်ထားခံယူချက်ဖြောင့်မတ်မှန်ကန်စွာဖြင့် ထမ်းဆောင်ကြသလို အခွန်ဆောင်ထိုက်သူများကလည်း အများအကျိုးအတွက်ဟူသည့် ပေးဆောင်ခြင်းဖြင့် အခွန်ယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

---

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

---

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး စစ်ဆေး

**ဗန်းမော် ဇန်နဝါရီ ၃၁**

ဗန်းမော်ခရိုင်အတွင်း မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ယာဉ်မောင်းများ အရက်သေစာသောက်စားမှုနှင့် အခြားသတ်မှတ်ချက်များ ပြည့်စုံမှုရှိ၊ မရှိ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဗန်းမော်မှ မန္တလေးသို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များအား စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## မယ်ချဉ်ပေါင်အုတ် ရေလွှဲဆည် ပြန်လည်တည်ဆောက်

**တောင်တွင်းကြီး ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီးဆည်ရေသောက် သဖန်းကုန်းကျေးရွာ မယ်ချဉ်ပေါင်အုတ် ရေလွှဲဆည်မြေသားဆည်ပေါင်သည် စက်တင်ဘာ ၂၂ ရက်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ရေစီးနှင့် မျောပါပျက်စီးခဲ့သည်။

ပျက်စီးသွားသည့် ဆည်ကြီးအား ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ စက်ယန္တရားကြီးဖြင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိကြောင်း၊ ဆည်ကြီးကောင်းမွန်သွားပါက နှမ်းစပါး၊ မိုးစပါးနှင့် အခြားသီးနှံမျိုးစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးရေ အခက်အခဲမရှိဘဲ စိုက်ပျိုးနိုင်တော့မည်ဖြစ်၍ ဒေသခံတောင်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ဆည်ကော်မတီဝင် ဦးမြင့်စိုးလေးက ပြောသည်။

**(၅၈၀)**

---



## ကျွန်းလှမြို့နယ်တွင် သွားနှင့်ခံတွင်း အခမဲ့ကွင်းဆင်းကုသပညာပေး

**ကျွန်းလှ ဇန်နဝါရီ ၃၁**

နှလုံးလှသွားနှင့် ခံတွင်းဆရာဝန်များအဖွဲ့(မန္တလေးမြို့)နှင့် လင်းရောင်သစ်ပညာရေးပရဟိတအသင်း(ကျွန်းလှမြို့)တို့ပူးပေါင်း၍ သွားနှင့်ခံတွင်းအခမဲ့ကုသပေးခြင်းကို ကျွန်းလှမြို့နယ် ရွာကုန်းကြီးကျေးရွာ တိုက်နယ်ဆေးရုံတွင် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နှလုံးလှ သွားနှင့် ခံတွင်းဆရာဝန်များအဖွဲ့မှ ဒေါက်တာသော်ဇင်မြင့် ဦးဆောင်သောအဖွဲ့သည် ရွာကုန်းကြီးကျေးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများမှ သွားနှင့်ခံတွင်းဝေဒနာရှင်ပြည်သူ ၁၉၆ ဦးတို့အား သွားခြစ်ခြင်း၊ ဖာထေးပေးခြင်း၊ ရောဂါဖြစ်သောသွားများ နုတ်ပေးခြင်း၊ ဆေးထည့်ပေးခြင်း၊ ဆေးပေးခြင်း၊ ဆက်လက်ကုသမှုခံယူရန်လိုအပ်သူများအား နီးစပ်ရာလမ်းညွှန်ပေးခြင်း၊ သွားနှင့်ခံတွင်း ပညာပေးဟောပြောခြင်းစသည်တို့ကို ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ပြုစုကုသပေးခဲ့ကြောင်း သိရသည်။

ကုသမှုနောက်ကျသွားခြင်းမရှိစေရန် မြို့နှင့် အလှမ်းဝေးသော ကျေးလက်ဒေသများအထိ တိုက်ရိုက်သွားရောက်ကုသပေးခြင်းဖြစ်ကြောင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာများတိုးပွား၍ ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်ကြောင်း လင်းရောင်သစ်ပညာရေး ပရဟိတအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာ ထွန်းထွန်းနိုင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်း**

---

## မိုးမိတ်ခရိုင်တွင် စာဖတ်စွမ်းရည်၊ ပန်းချီ၊ စက္ကူခေါက်၊ စကားရည်လုပြိုင်ပွဲများ ကျင်းပ

**မိုးမိတ် ဇန်နဝါရီ ၃၁**

မိုးမိတ်ခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ အားထားယုံကြည်ရသော လူမှုအခြေပြုဗဟိုဌာန (Community Center)နှင့် လူမှုအခြေပြုစာကြည့်တိုက်(Community Library)အဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲတို့ကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုးမိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲများကို



ပျော်ရွှင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသော ကျောင်းသားကျောင်းသူများအား မိုးမိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
ခနေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်တွင်းရေးရာ

❑ ရှေ့ဖုံးမှ

ညာတာ၍ ၎င်းတို့၏ အခွင့်အရေးကိုလည်း ကာကွယ်ရမည့် တာဝန်ရှိသည်ကို နှလုံးသွင်းဆောင်ရွက်သွားကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများစုစည်း၍ တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာ၌ တာဝန်ကိုလည်း သတိပြုရန်လိုပါကြောင်း၊ အခွင့်အရေးလိုချင်ပါက တာဝန်ကိုလည်း သိရမည်ဖြစ်ပါကြောင်း၊ အခွင့်အရေးနှင့် တာဝန်ကိုဒွန်တွဲပြီး တူညီသောတန်ဖိုးထားမှ မိမိတို့၏ လူ့အသိုက်အဝန်းသည် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွင့်အရေးကိုသာ ဦးစားပေး၍ မရပါကြောင်း၊ အခွင့်အရေးတစ်ခုလျှင် တာဝန်တစ်ခုရှိပါကြောင်း၊ ယခု အခွင့်အရေးနှင့်ပတ်သက်သည့် နည်းဥပဒေကို ချမှတ်နိုင်ရန်ဆွေးနွေးရာတွင် တစ်ဆက်တည်း စဉ်းစားရမည့်အချက်များ ရှိပါကြောင်း၊ အခွင့်အရေးအတွက် ပြောဆိုမှုများရှိသော်လည်း အဆိုပါအခွင့်အရေးကို မည်သို့ဖော်ဆောင်၍ မည်သူက တာဝန်ယူမည်ကို မစဉ်းစားကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် မည်သည့်ပုံစံနှင့် အကောင်အထည်ဖော်၍ မည်သူက တာဝန်ယူမည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

မိမိတို့အနေဖြင့် ဥပဒေတစ်ခုကို ချဉ်းကပ်မည်ဆိုပါက ဥပဒေ၏ ပုံစံနှင့်ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲများ၌ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဥပဒေရေးရာကျွမ်းကျင်သည့် ပညာရှင်များ ပါဝင်နိုင်ရန် အမြဲစီစဉ်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းမှာလည်း တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပြီး အဓိကကျသည့် အခန်းကဏ္ဍ၌ ရှိနေသည့်အတွက် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံအားတရားဥပဒေစိုးမိုးသော နိုင်ငံဖြစ်ရန် ရည်ရွယ်ထားပါကြောင်း။

ထို့ကြောင့် တရားဥပဒေစိုးမိုးမှုရှိရန် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့တွင် ခေါင်မလုံ၍ မိုးယိုဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံ၏ ခေါင်သည် တရားဥပဒေသာ ဖြစ်ပါကြောင်း၊ တရားသောဥပဒေများဖြစ်ရန်လည်း လိုပါကြောင်း၊ တရားမျှတသည့် ဥပဒေများရှိမှသာ မိမိတို့နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အမိုးဖြစ်သကဲ့သို့ အခြေခံအုတ်မြစ်လည်းဖြစ်ပါကြောင်း၊ မှန်ကန်သည့် ဥပဒေများအပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ရမည်ဖြစ်ပါကြောင်း၊ ခိုင်ခိုင်မာမာရပ်တည်မှုလည်း ဥပဒေများက မိမိတို့ကို အပေါ်မှနေ၍ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ဥပဒေများက ပြည်ထောင်စုဆိုသည့် အဆောက်အအုံကို ခိုင်မာလုံခြုံ၍ မိမိတို့အားလုံးကို အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ နည်းဥပဒေများကလည်း အဆောက်အအုံ၏ နံရံများအဖြစ် ပံ့ပိုးကူညီကာကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ရောက်ရှိလာသည့် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ပဏာမဆွေးနွေးရာ၌ စိတ်သဘောထားကို ပွင့်ပွင့်လင်းလင်းထားရှိရန်လိုအပ်ပါကြောင်း၊ တခြားသူများ၏ ဆွေးနွေးပြောကြားချက်ကို နားလည်လက်ခံစဉ်းစားပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိတင်ပြချက်ထက်ကောင်းသည့် အဆိုပြုချက်၊ တင်ပြချက်များရှိပါကလည်း သဘောထားကြီးကြီးနှင့် လက်ခံရန်လည်းလိုအပ်ပါကြောင်း၊ သဘောထားကြီးကြီးနှင့် အမြင်အမျိုးမျိုးကို လေ့လာဆန်းစစ်ပြီး အကောင်းဆုံးကို ရွေးချယ်နိုင်သော အရည်အချင်းရှိသည်ကိုလည်း ထုတ်ဖော်ပြသရန် လိုအပ်ပါကြောင်း၊ အဆိုပါ စိတ်ဓာတ်ဖြင့် ယခုနည်းဥပဒေများကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားကြရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။




တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းများဆောင်ရွက်သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ ကနဦးမူကြမ်းအား တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက နည်းဥပဒေကနဦးမူကြမ်းနှင့်စပ်လျဉ်း၍ အဖွဲ့များခွဲကာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ နည်းဥပဒေ၌ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ ဖွဲ့စည်းခြင်း၊ အခန်း(၃) အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီဖွဲ့စည်းခြင်း၊ အခန်း(၄) အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း၊ အခန်း(၅) အငြင်းပွားမှုအား ဖြေရှင်းခြင်း၊ အခန်း(၆) ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း၊ အခန်း(၇) တားမြစ်ချက်များ၊ အခန်း(၈) အရေးယူခြင်း၊ အခန်း(၉) အထွေထွေ ဟူ၍ပါရှိသည်။

ယင်းဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Patrick၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး ယာယီတာဝန်ခံ Mr. Colin STEINBACH တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## လားရှိုးခရိုင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**လားရှိုး ဇန်နဝါရီ ၃၁**

လားရှိုးမြို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လားရှိုးမြို့ ခရိုင်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချမှတ်မှုအခြေအနေ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးရာ လားရှိုးခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

○မြန်မာ-ဘင်္ဂလားဒေ့ရှ်မှ

သေသေချာချာလေး အဆင့်မြှင့်တင်စေချင်ကြပါတယ်။ ဒါမှလည်း နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေးကို ပိုမိုဆောင်ရွက်နိုင်မယ်။ နယ်စပ်ဖြတ်ကျော်မှုခင်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီဖော်ထုတ်နိုင်မယ်၊ ကာကွယ်နိုင်မှာဖြစ်ပါတယ်”ဟု မောင်တောမြို့ မြို့မိ မြို့ဖ ဦးမောင်ဦးသာက ပြောသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းနယ်နိမိတ် ၁၂၈ ဒသမ ၇၅ မိုင်နှင့် ရေနယ်နိမိတ် ၃၉ ဒသမ ၈၂ မိုင် ထိစပ်လျက်ရှိသည်။

၂၀၀၉ ခုနှစ် မတ်လ ၁၃ ရက်တွင် မြန်မာနိုင်ငံဘက်မှ နယ်နိမိတ်မျဉ်း Zero Line နှင့် ပေ ၁၅၀ အကွာ မြန်မာ့နယ်မြေအတွင်း သွပ်ဆူးကြိုးကာရံခြင်းကို မောင်တောမြို့ တောင်ဘက်ကုန်းချောင်းဝမှစ၍ နယ်ခြားမှတ်တိုင် BP 32 အထိ အလျား ၃၈ ဒသမ ၁၀၈ မိုင်ကို သံကူကွန်ကရစ် တစ်ဖက်ချွန်ခြံစည်းရိုး ၁၀ ပေအမြင့် သွပ်ဆူးကြိုး ၁၄ တန်းဖြင့် နယ်စပ်ခြံစည်းရိုးကာရံခြင်း ပထမအဆင့်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်တွင် BP 32 မှ BP 54 အထိ စုစုပေါင်း ၃၆ ဒသမ ၆၆ မိုင်ကို နယ်စပ်ခြံစည်းရိုးကာရံခြင်း ဒုတိယအဆင့်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် မေလ ၃၁ တွင် BP 54 မှ BP 66 အထိကို နယ်စပ်ခြံစည်းရိုးကာရံခြင်း တတိယအဆင့်အဖြစ်လည်းကောင်း အပြီးကာရံခဲ့သည်။ သို့သော် BP 66 မှ BP 67 ကြားကိုမူ တောတောင်ထူထပ်ပြီး လူနေထိုင်ခြင်းမရှိသဖြင့် ဆက်လက်ကာရံရန်ကျန်ရှိပြီး BP 31 မှ BP 54 အထိကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၂ ကင်းလှည့်ကြည့်ရှုစစ်ဆေးနိုင်ရန် နယ်စပ်ခြံစည်းရိုးနှင့် ကပ်လျက် ပတ်လမ်းဖောက်လုပ်ထားကြောင်း သိရသည်။

နယ်စပ်ခြံစည်းရိုး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ခြံစည်းရိုး ကာရံခြင်း ပထမအဆင့်တွင် ပါဝင်ခဲ့သည့် တည်ဆောက်ရေးတာဝန်ခံတစ်ဦးက “ခြံစည်းရိုးပျက်စီးမှုတွေကို ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြထားပါတယ်၊ ပြည်ထဲရေးဝန်ကြီးဌာနကတစ်ဆင့် ရန်ပုံငွေချထားပေးမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းတွေဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နယ်စပ်ခြံစည်းရိုးအဆင့်မြှင့်တင်စေလိုတဲ့အပိုင်းကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နယ်စပ်အနေအထားအရ ခိုင်မာတဲ့ ခြံစည်းရိုးတွေ တည်ဆောက်မယ်ဆိုရင် ပိုကောင်းပါတယ်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အပေါက်တွေကိုလည်း တစ်လတစ်ခါနီးပါး ပြန်လည်ပြုပြင်ပေးနေပါတယ်”ဟု ပြောသည်။

**မောင်ဖိုးဇော် (သတင်းစဉ်)၊**
**ဓာတ်ပုံ - မောင်ဇော်**

# အာတိတ်ဒေသတပ်ဖွဲ့ အင်အားခိုင်မာရေးအတွက် ရေခဲခွဲသင်္ဘောများကို ရုရှား တည်ဆောက်လျက်ရှိဟုဆို



**မော်စကို ဇန်နဝါရီ ၃၁**
ရုရှားနိုင်ငံသည် အာတိတ်ဒေသတပ်ဖွဲ့တစ်ဖွဲ့ကို အခိုင်အမာထူထောင်နိုင်ရန် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောများကို တည်ဆောက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် ပထမဆုံးနှင့်အကြီးဆုံးသော ရေခဲခွဲသင်္ဘောတပ်စုကို ထူထောင်ရန် သမ္မတဗလာဒီမာပူတင် **(ယာပုံ)**က ညွှန်ကြားထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

သမိုင်းဘီးတစ်ပတ်လည်တတ်သည့် သဘောတရားအတိုင်း ရုရှားနိုင်ငံသည် စစ်အေးခေတ် အထွတ်အထိပ်ရောက်ချိန် ၁၉၅၀ ပြည့်လွန်နှစ်များက ကမ္ဘာ့ပထမဆုံးသော နျူကလီးယားရေခဲခွဲသင်္ဘောဖြစ်သည့် 'လီနင်'အမည်ရှိ သင်္ဘောကို ဆိုဗီယက်ပြည်ထောင်စုတည်ဆောက်ခဲ့သည့်နည်းတူ ယနေ့ကာလတွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောများကို ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ 'လီနင်'အမည်ရှိ သင်္ဘောကို ယခုအခါ ပြတိုက်တွင် ပြသထားသည်။

အာတိတ်ဒေသကို စိုးမိုးနိုင်ရေးအတွက် ရှေးရိုးစဉ်လာပြိုင်ဘက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် နော်ဝေနိုင်ငံတို့အပြင် နောက်ဆုံးပြိုင်ဘက်ဖြစ်လာသော တရုတ်နိုင်ငံတို့နှင့် ယှဉ်ပြိုင်နိုင်ရန် ရုရှားနိုင်ငံက ကြိုးပမ်းလာသည့် လက္ခဏာများအဖြစ် ရှုမြင်ရသည်။

ရုရှားနိုင်ငံသည် အာတိတ်ဒေသတပ်ဖွဲ့အတွက် ရေခဲခွဲသင်္ဘောအစင်း ၄၀ ခန့်အထိ အင်အားတိုးချဲ့သွားရန် စီစဉ်ထားပြီး လောလောဆယ်တွင် နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောသုံးစင်းကို တည်ဆောက်နေကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော အင်ဒီပင်းဒင့်သတင်းစာက ရေးသားဖော်ပြသည်။

အာတိတ်ဒေသ၌ ဟိုက်ဒရိုကာဗွန်သိုက်များ တည်ရှိမှုမှာ ဆော်ဒီအာရေဗျနိုင်ငံ၏ ဟိုက်ဒရိုကာဗွန်သိုက်များထက် ပိုမိုကြီးမားသည်ဟု ခန့်မှန်းထားသည်။

အာတိတ်ဒေသရှိ ကျွန်းများတွင် တည်ရှိခဲ့ပြီး စွန့်ပစ်ခံထားရသော စစ်စခန်းများ၊ ရေဒါစခန်းဟောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန်လည်း သမ္မတပူတင်က ရည်မှန်းထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

# ထရန့်၏ ခရီးသွားလာခွင့်ပိတ်ပင်မှု အားကစားသမားများအပေါ် သက်ရောက်မှုမရှိ

**ဝါရှင်တန် ဇန်နဝါရီ ၃၁**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ ပြည်ဝင်ခွင့်ပိတ်ပင်မှုတွင် အိုလံပစ်ပြိုင်ပွဲဝင်မည့် ပြည်ပအားကစားသမားများအပေါ် သက်ရောက်မှုမရှိကြောင်း အမေရိကန်အိုလံပစ်ကော်မတီက ပြောကြားသည်။

နိုင်ငံတကာအိုလံပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံအားလုံးမှ အားကစားသမားများနှင့် တာဝန်ရှိသူများကို ပြည်ဝင်ခွင့်အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရမည်ဟု အမေရိကန်အစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း ကော်မတီတာဝန်ရှိသူများက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ထရန့်က အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသမှ နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိ နိုင်ငံသားများ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်မှုကိုတားမြစ်သည့် အမိန့်ကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့သည်။



အဆိုပါမူဝါဒနှင့် ပတ်သက်ပြီး အားကစားသမားများအပေါ် သက်ရောက်မှုရှိ၊ မရှိ စုံစမ်းမေးမြန်းမှုများရှိခဲ့ကြောင်း ကော်မတီက ပြောကြားသည်။ အမေရိကန်၌ ဖေဖော်ဝါရီလတွင် ကမ္ဘာ့မြားပစ်ပြိုင်ပွဲနှင့် ဧပြီလတွင် ဘော့စတွန်မြို့၌ မာရသွန်ပြိုင်ပွဲများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပသွားရန်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# အဆင့်မြင့်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရေး တောင်ကိုရီးယားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ထပ်လောင်းအတည်ပြု

**ဆိုးလ် ဇန်နဝါရီ ၃၁**
တောင်ကိုရီးယားနိုင်ငံအတွင်း အမေရိကန်၏ အဆင့်မြင့်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ် (တီအိတ်ချ်အေအေဒီ) ဖြန့်ကြက်သွားရန် နှစ်နိုင်ငံသဘောတူညီချက်ကို အမေရိကန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများက ဇန်နဝါရီ ၃၁ ရက်တွင် ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

သမ္မတ ဒေါ်နယ်လ်ထရန့်၏အစိုးရအဖွဲ့၏ ပထမဆုံးကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဟန်မင်ကူးတို့သည် ဇန်နဝါရီ ၃၁ ရက်တွင် တယ်လီဖုန်းဖြင့် ပထမဆုံးဆွေးနွေးခဲ့ကြကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများသည် ကိုရီးယားကျွန်းဆွယ် လုံခြုံရေးအခြေအနေကို ဆွေးနွေးခဲ့ကြပြီး မြောက်ကိုရီးယား၏အဏုမြူလက်နက်နှင့် ပဲ့ထိန်းဒုံးကျည်လက်နက်များဖြင့် ခြိမ်းခြောက်နေမှုကို ရင်ဆိုင်နိုင်ရေးအတွက် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ကာကွယ်ရေးစွမ်းရည်များ မြှင့်တင်ကြရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ယင်းနိုင်ငံအနေဖြင့် တာဝေးပစ်ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်ခတ်နိုင်ရေး ပြင်ဆင်မှုသည် နောက်ဆုံးအဆင့်သို့ဝင်ရောက်နေပြီဟူ၍ ဖော်ပြခဲ့ခြင်းနှင့်ပတ်သက်ပြီး တောင်ကိုရီးယားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့က စိုးရိမ်ကြောင့်ကြမှုဖြစ်ကြရသည်ဆို၏။

တောင်ကိုရီးယားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့က အမေရိကန်၏ဒုံးခွင်းဒုံးစနစ်(တီအိတ်ချ်အေအေဒီ)ကို အစီအစဉ်အတိုင်း တပ်ဆင်ချထားနိုင်ရေးအတွက် တွန်းအားပေးလုပ်ဆောင်ကြရန် သဘောတူညီကြသည်။ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ယခုနှစ်ကုန်နောက်ဆုံးထား၍ (တီအိတ်ချ်အေအေဒီ)ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မည်ဟု လွန်ခဲ့သည့်နှစ် ဇူလိုင်လက ရုတ်ခြည်းထုတ်ပြန်ကြေညာခဲ့ကြသည်။ **ဆင်ဟွာ။**



# ထရန့်နှင့် နေတန်ရာဟု ဖေဖော်ဝါရီ ၁၅ ရက်တွင် တွေ့မည်

**ဝါရှင်တန် ဇန်နဝါရီ ၃၁**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုတို့သည် လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံကြမည်ဖြစ်သည်။

အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးမှူး ရှောင်စပိုက်စာက အဆိုပါတွေ့ဆုံပွဲနှင့် ပတ်သက်၍ တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ ထရန့်၏ အစ္စရေးနိုင်ငံအပေါ် ထောက်ခံရပ်တည်မှုကြောင့် အာရပ်နိုင်ငံများ၏ စိုးရိမ်မှုမြင့်တက်နေချိန်တွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ထရန့်က ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်ကတည်းက ၎င်း၏အစိုးရအနေဖြင့် အမေရိကန်သံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ ပြောင်းရွှေ့မည်ဟု ပြောကြားခဲ့သည်။

ဂျေရုဆလင်မြို့သည် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရှုပ်ထွေးဆုံးပြဿနာတစ်ခုဖြစ်သည်။ အစ္စရေးနိုင်ငံက ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ်သတ်မှတ်ရန် ရည်ရွယ်ခဲ့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်မပြုခဲ့ချေ။

အမေရိကန်သံရုံးနေရာပြောင်းရွှေ့ရေး အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့ တနင်္လာနေ့တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ဘရာဇီးလုပ်ငန်းရှင် သူဌေးကြီးဖြစ်ခဲ့သူတစ်ဦး ပြည်ပခရီးမှအပြန် လေဆိပ်၌ အဖမ်းခံရ

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၃၁**
ဘရာဇီးနိုင်ငံ၏ ရေနံနှင့်ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းရှင် သူဌေးကြီးဖြစ်ခဲ့သူ အိုက်ဘာတစ္စတာသည် ပြည်ပမှ ရီယိုဒီဂျနေးရိုးမြို့သို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာချိန်တွင် ဖက်ဒရယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ၎င်းကို ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာတစ္စတာသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ဘရားဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာခဲ့ပြီးနောက် အဖမ်းခံခဲ့ရကြောင်း၊ ၎င်းကို ယင်းမြို့ရှိ လုံခြုံရေးအထူးတင်းကျပ်သော အကျဉ်းထောင်တစ်ခုသို့ ပို့ဆောင်ခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

ဘာတစ္စတာသည် ဝရမ်းပြေးတစ်ဦးအဖြစ် လေးရက်ကြာရှိနေခဲ့ပြီးနောက် အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များအရ ရဲတပ်ဖွဲ့က ၎င်းကို ဖမ်းဆီးခဲ့သည်။ ဘရာဇီးဥပဒေအရ ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ၎င်းကိုအစိုးရရှေ့နေများက စွဲချက်တင်မည်ဟု ဆိုသည်။

ဘာတစ္စတာသည် ကန်ထရိုက်လုပ်ငန်းများ ရရှိစေရေးအတွက် ရီယိုပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများကို လာဘ်ငွေဒေါ်လာသန်းပေါင်းများစွာ ပေးအပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

**ရိုက်တာ။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဥပဒေကြမ်းများရေးဆွဲမှု အခြေအနေ၊ နည်းဥပဒေများ၊ မထုတ်ပြန်ရသေးသောဥပဒေများနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ဘာသာပြန်ဆိုပေးရေးတို့နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းက လွှတ်တော်သို့ရှင်းလင်းတင်ပြပြီး လွှတ်တော်ကမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စု၏အခွန်အကောက်ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအတွက်ကောက်ခံခဲ့သည့် အခွန်အကောက်အမျိုးအစားပေါင်း ၁၈မျိုးရှိခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အခွန်အမျိုးအစားသုံးမျိုး အသစ်ထပ်မံတိုးခဲ့ရာ စုစုပေါင်းကောက်ခံရမည့် အခွန်အကောက်သည် ၂၁ မျိုးဖြစ်လာပါကြောင်း၊ အသစ်တိုးလာသည့် အခွန်အကောက်သုံးမျိုးမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ကောက်ခံမည့် မုတ်ကောင်၊ ဝတ်ဆံ၊ တွင်းခွန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကောက်ခံမည့် ခရီးသွားလာရေး လိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်တို့နှင့်စပ်လျဉ်းသည့် လိုင်စင်ကြေးနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အထူးခွန်ဥပဒေအရ ပြဋ္ဌာန်းကောက်ခံမည့် အထူးကုန်စည်ခွန်တို့ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက် ရငွေလျာထားချက် မူလ ခန့်မှန်းခြေစာရင်းအရ ကျပ် ၆၂၁၉ ဒသမ ၇၅၉ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပထမခြောက်လပတ် အခွန်အကောက်၂၁မျိုးမှ ကောက်ခံရန်လျာထားချက်မှာ ၂၁၄၁ ဒသမ ၈၃၃ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှု၂၅၄၈ ဒသမ ၄၀၁ ဘီလီယံဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၁၈ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပထမခြောက်လပတ်အခွန်အကောက်လျာထားချက် ကျပ် ၂၀၂၇ ဒသမ ၆၄၂ ဘီလီယံဖြစ်ပြီး အမှန်ကောက်ခံရရှိငွေ ၂၃၅၇ ဒသမ ၈၀၅ဘီလီယံ ဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှု ၁၁၆ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ခဲ့ပါကြောင်း၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပိုမိုတိုးတက်ကောက်ခံရရှိသည့် အခြေအနေဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်ပြီး တာဝန်ယူကောက်ခံခဲ့သည့်ဌာနများအလိုက် ခွဲခြားတင်ပြရမည်ဆိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူကောက်ခံသည့်အခွန် ခြောက်မျိုးအတွက် အခွန်ကောက်ခံရန်လျာထားချက် ကျပ် ၁၆၄၅ ဒသမ ၈၀၈ဘီလီယံ၊ ကောက်ခံရရှိမှု ကျပ် ၁၉၈၁ ဒသမ ၉၇၇ဘီလီယံ ဖြစ်သဖြင့် အကောင်အထည်ဖော်နိုင်မှု ၁၂၀ ဒသမ ၄၂ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အခြား ပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုက တာဝန်ယူကောက်ခံသော အခွန် ၁၄ မျိုးအတွက် လျာထားချက် ကျပ် ၄၉၆ ဒသမ ၀၂၅ဘီလီယံ၊ ကောက်ခံရရှိမှု ကျပ် ၅၆၆ ဒသမ ၄၂၄ဘီလီယံဖြစ်သည့်အတွက် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၁၄ ဒသမ ၁၉ရာခိုင်နှုန်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အသုံးစရိတ်များကို ပြည်ထောင်စုကကောက်ခံရရှိသည့် အခွန်ငွေများအပေါ်တွင် ရပ်တည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ ရသင့်ရထိုက်သော အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေးသည် အလွန်အရေးကြီးသော ကိစ္စဖြစ်ပါကြောင်း၊ အခွန်တိုးတက်ကောက်ခံရရှိရန် ဆောင်ရွက်သည့်အခါ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့် အခွန်ဝင်ငွေများ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူများလိုက်နာ ထမ်းဆောင်နိုင်မည့် အခွန်နှုန်းထားများ ဖြစ်စေရေး၊ ပြည်သူများအခွန်ဆိုင်ရာအသိပညာ ဗဟုသုတများတိုးပွားပြီး အခွန်ကို လိုလိုလားလားထမ်းဆောင်လာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုပပျောက်ရေးတို့ကို အခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်နှင့် လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီကိုပါရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။


ပြည်ထောင်စုလွှတ်တော်နာယကက မန်းဝင်းခိုင်သန်း။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက် စုစုပေါင်းကျပ်သန်း ၁၀၇၆၁၉ ဒသမ ၃၀၃သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများမှာ ဆောက်လုပ်ရေးအသုံးစရိတ်အားဖြင့် ကျပ်သန်း ၃၁၀၁၀ ဒသမ ၀၈၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ခြံစည်းရိုးကာခြင်းလုပ်ငန်းအဆင့် သုံးဆင့်ရှိသည့် ကင်းစခန်း ၅၂ခုသည် ပြင်ပဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အမှတ် (၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲမှုအောက်ရှိ ကင်းစခန်း ၂၆ခုသည် အရေးပေါ်လုံခြုံရေးအခြေအနေအရ သွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်းအပါအဝင် အကျဉ်းဦးစီးဌာနမှ နေပြည်တော်အချုပ်ထောင်အပါအဝင် မိုးညှင်း၊ ကျိုက်မရော၊ ဒိုက်ဦးနှင့် သီပေါအကျဉ်းထောင်များတွင်ရှိသည့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် တပ်ဖွဲ့ဦးစီးဌာနများအတွက် မဖြစ်မနေ လိုအပ်သောအဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်နှင့် စက်ပစ္စည်းအသုံးစရိတ်အတွက် ကျပ် သန်း ၇၆၁၄၂ ဒသမ ၄၁၄သန်းမှာ ဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့ဦးစီးဌာနများအတွက် မဖြစ်မနေဖြည့်တင်းရန်လိုအပ်သည့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မီးငြိမ်းသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများအတွက် တောင်းခံထားခြင်းဖြစ်ပြီး မီးသတ်ဦးစီးဌာနအတွက် ပိုလန်နိုင်ငံမှ မီးသတ်ယာဉ်နှင့် အပိုပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ယူရိုသန်း၅၀ ချေးငွေနှင့်ညီမျှသော ကျပ်သန်း ၆၆၅၀၀ ကိုအရပေးသွင်းထည့်သွင်းထားကြောင်း။

အခြားအသုံးစရိတ်ဖြစ်သည့် ကျပ်သန်း ၄၈၆ ဒသမ ၈၀၉သန်းကို ဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့ဦးစီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်လုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းပေးချေခြင်း၊ မြေတန်ဖိုးပေးလျော်ခြင်း၊ E-office Software ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ ရသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ပါရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေရသုံးစာရင်းများနှင့် ပတ်သက်၍ ရငွေအသေးစိတ် စာရင်းအားဖြင့် သာမန်ရငွေမှာ အခွန် ၄မျိုးကောက်ခံရရှိမှုမှ ရငွေကျပ် သန်း ၉၄၅ ဒသမ ၆၇၆သန်းနှင့် သာမန်ရငွေ ကျပ်သန်း ၁၆၉၅၀ ဒသမ ၁၇၄သန်း၊ ကြေးမြီရငွေ ကျပ်သန်း ၆၆၅၀၀ တို့ကို လျာထားခြင်းဖြစ်ပြီး စုစုပေါင်းလျာထားငွေမှာ ကျပ်သန်းပေါင်း ၈၄၃၉၅ ဒသမ ၈၅၀ သန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကျပ်သန်း ၁၀၇၆၁၉ ဒသမ ၃၀၃သန်းနှင့် သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း ၂၉၅၄၄၄ ဒသမ ၃၈၄သန်း စုစုပေါင်း အသုံးစရိတ် ကျပ်သန်းပေါင်း ၄၀၃၀၈၁ ဒသမ ၆၈၇ သန်းကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ကာကွယ်ရေး ဝန်ကြီးဌာနအနေဖြင့် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကို Standard Army, Standard Navy, Standard Airforce ဖြစ်လာစေရန်အတွက် အင်အားတောင့်တင်းပြီးစွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် တည်ဆောက်ရန်၊ ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်၏ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ရေးတွင် ပြည်သူတစ်ရပ်လုံးက တပ်မတော်ကိုမဏ္ဍိုင်ပြု၍ နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်သွားစေရန်စသည့် ရည်မှန်းချက်များကိုအခြေခံ၍ နှစ်ရှည်စီမံကိန်းများကို ရေးဆွဲထားပါကြောင်း၊ အထက်ပါရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ ဘတ်ဂျက်ရေးဆွဲဆောင်ရွက်ရာတွင် တပ်မတော်၏ သဘောသဘာဝအရ လူ၊ လက်နက်ပစ္စည်း၊ ဖွဲ့စည်းပုံနှင့် ပေးအပ်လာသည့်တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် မျှော်မှန်းပြီး ဦးစွာရေးဆွဲပြဋ္ဌာန်းရပါကြောင်း၊ ယင်းသို့ ရေးဆွဲရာတွင်လုံခြုံရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့ကို ချင့်ချိန်၍ ခန့်အပ်မည့်လူ၊ လိုအပ်သောလက်နက်ပစ္စည်း၊ ဆက်စပ်အဆောက်အအုံများ၊ ဆက်စပ်လုပ်ငန်းများကို နှစ်အလိုက်ထည့်သွင်း၍ ရေးဆွဲရပါကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းမှာ ရငွေစုစုပေါင်း ၇၃ ဒသမ ၁၁၁ ဘီလီယံ သုံးငွေစုစုပေါင်း ၂၉၀၅ ဒသမ ၁၉၅ဘီလီယံဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ် စုစုပေါင်း ၁၆၅၄ ဒသမ ၃၃ဘီလီယံလျာထားပါကြောင်း၊ သာမန်အသုံးစရိတ်စုစုပေါင်း ၁၆၅၄ ဒသမ ၃၃၃ဘီလီယံ ဖြစ်ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်းမှာ ၁၂၅၀ ဒသမ ၈၆၅ဘီလီယံလျာထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ထက် ငွေလုံးငွေရင်း အသုံးစရိတ် ၈၆ ဒသမ ၅၃၃ ဘီလီယံ လျော့နည်းတောင်းခံထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာန ၁၅ခု ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့များမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**



## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် (၁၂)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇) ဆွေးနွေးပွဲဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေတို့သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့ Taj Palace Hotel ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အနာကြီးရောဂါရှင်များအား မနှစ်မြို့မှုနှင့် ခွဲခြားဆက်ဆံရေး အဆုံးသတ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇) ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် Nippon Foundation မှတာဝန်ရှိသူများနှင့် WHO မှ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် (၁၂)ကြိမ်မြောက် အနာကြီးရောဂါရှင်များအား မနှစ်မြို့မှုနှင့် ခွဲခြားဆက်ဆံရေး အဆုံးသတ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပန်ကြားချက် (၂၀၁၇)ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အနာကြီးရောဂါခံစားနေရသည့် လူနာများအား ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများရရှိရေး၊ မြန်မာနိုင်ငံအတွင်း အနာကြီးရောဂါဝေဒနာ လုံးဝပပျောက်ကင်းစင်ရေးအတွက် လွှတ်တော်အနေဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွှေလက်ရယ် ခိုင်ခိုင်မြဲပါလို့

**သန်းဝင်းမောင်(မင်္ဂလာဒုံ)**

ရုံးအားလပ်ရက်တစ်နေ့ အပန်းဖြေအနားယူရင်း . . . အိမ်ရှေ့ဧည့်ခန်းရဲ့ တီဗွီဖန်သားပြင်ထက်က နိုင်ငံကျော် အဆိုတော်များရဲ့ မြူးမြူးကြွကြွသီဆိုနေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တေးသံသာများကို ခံစားနားဆင်နေမိသည်။ တေးသံသာများကို နားဆင်ရင်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကြီးလည်း နီးလာချေပြီကောရယ်လို့ အသိဝင်လာခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်အပေါင်းတို့ရဲ့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက ပြည်မ-တောင်တန်းပေါင်းစည်းရေးအတွက် ကျင်းပခဲ့တဲ့ ပင်လုံညီလာခံကြီးနဲ့ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခြင်းတို့ကို သတိရမိသည်။ ထိုသို့ သတိရခြင်းနှင့်အတူ ကျွန်တော်ဖတ်မှတ်၊ လေ့လာခဲ့သော၊ သမိုင်းကပြောသော ပင်လုံညီလာခံရဲ့ တစ်စိတ်တစ်ဒေသတို့သည် ကျွန်တော့်အတွေးထဲတွင် တရေးရေးပေါ်လာခဲ့သည်။

ကျွန်တော်ပထမဆုံး တွေးမိသည်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံရိပ်များ၊ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊ လွတ်လပ်ရေးသည်တတိယ ဟူသော သန္နိဋ္ဌာန်စိတ်ဖြင့် မြန်မာပြည်လွတ်လပ်ရေးရရှိရန်အတွက် အစဉ်အမြဲတွေးတောကြံဆ ဆောင်ရွက်နေပုံများ၊ ဗြိတိသျှတို့၏အုပ်ချုပ်ပုံစနစ်ဖြစ်သော မြန်မာလူမျိုးနှင့် တောင်တန်းဒေသတိုင်းရင်းသားလူမျိုးများအား သွေးခွဲအုပ်ချုပ်မှုစနစ် (Divide and Rule)ကို သိရှိသည့်အလျောက် ပြည်မတောင်တန်းတစ်သားတည်း ဖြစ်အောင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးပေးဆောင်ရွက်ရန် ရှေးမဆွကပင်ကြိုတင်ကြံဆဆောင်ရွက်ခဲ့မှုများ၊ ပြည်မ-တောင်တန်းပေါင်းစည်းရေးအတွက် ၁၉၄၆ခုနှစ် မတ်လတွင် ရခိုင်ခရီးစဉ်ကိုစတင်၍ လည်းကောင်း၊ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၃၊ ၂၅၊ ၂၆ ရက်များတွင် တောင်ကြီး၊ လွိုင်ကော်၊ ညောင်ရွှေမြို့တို့၌ လည်းကောင်း စည်းရုံးဆွေးနွေးခဲ့သည်များ၊ လုံးဝလွတ်လပ်ရေးစာချုပ်မဟုတ်သော်လည်း လွတ်လပ်ရေးအတွက် ရှေ့တော်ပြေးအဖြစ် အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်မြို့ အမှတ်(၁၀) ဒေါင်းနင်းလမ်း နန်းရင်းဝန်၏ အိမ်တော်၌ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်များ၊ အောင်ဆန်း-အက်တလီစာချုပ်တွင်လည်း “နယ်ခြား တောင်တန်းဒေသများနှင့် ပတ်သက်၍ ပင်လုံကွန်ဖရင့်ကျင်းပပြီး နယ်ခြားဒေသလူထု၏ ဆန္ဒအတိုင်းဆောင်ရွက်ရန်”ဟု သဘောတူချုပ်ဆိုထားသည့်အတိုင်း တိုင်းရင်းသားတို့နှင့် ပြည်မနယ်ခြား ပေါင်းစည်းရေးသည်အရေးကြီးကြောင်း သိရှိသည့်အလျောက် ပြည်မ-နယ်ခြား တောင်တန်းစည်းရုံးရေးကို အဓိကထား စည်းရုံးခဲ့သည်များ၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ၊၉ ၊ ၁၀၊ ၁၁၊ ၁၂ ရက်နေ့များ၌ ပင်လုံမြို့တွင် ညီလာခံကိုကျင်းပပြီး ဗိုလ်ချုပ်နှင့် တိုင်းရင်းသားခေါင်းဆောင်များ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး နောက်ဆုံးဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီတွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ပုံများ၊ ယင်းပင်လုံစာချုပ်၏ ပြည်မ-တောင်တန်းသဘောတူမှုကို သာဓကပြု၍ မူလပထမအောင်ဆန်း-အက်တလီစာချုပ်ပါ “ပြည်မနှင့် နယ်ခြားတောင်တန်းဒေသများ၏ပင်လုံကွန်ဖရင့် သဘောတူညီမှုရက လွတ်လပ်ရေးပေးရန်”ဟူသော ဗြိတိသျှတို့၏ သဘောထားကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပုံများသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်တို့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လက်တွဲညီညီဆောင်ရွက်နိုင်ခဲ့သည့် ခက်ခဲမှုများစွာထဲက စည်းလုံးညီညွတ်မှုသာဓကများပင် မဟုတ်ပါလား. . . ဟု ကျွန်တော်တွေးတောရင်း ကောက်ချက်ချမိသည်။

ယင်းသို့ သမိုင်းနှင့်ယှဉ်တွဲ၍ ဖြစ်တည်လာခဲ့သည့် ပင်လုံညီလာခံမှ ပြည်မ-နယ်ခြားတောင်တန်းပေါင်းစည်းရေး သဘောတူပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့သည့် အသီးအပွင့်အဖြစ် အမိမြန်မာနိုင်ငံတော်ကြီးသည် ဗြိတိသျှနယ်ချဲ့တို့ထံမှ လွတ်လပ်ရေးရရှိခဲ့သလို ယင်းနေ့ကို အထိမ်းအမှတ်ပြု၍ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ကာ ယနေ့တိုင် နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပုံများကို ပြန်လည်မြင်ယောင်မိသည်။

အထူးသဖြင့် လူလားမြောက်ခဲ့ရာ မွေးရပ်မြေ၊ ထန်းတောညိုညို အညာမြို့ကလေးမှာ ငယ်စဉ်ဘဝများက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပခဲ့ပုံများ၊ ပြည်ထောင်စုနေ့ကျင်းပရာ မြို့တော်ဆီသို့ ပြည်ထောင်စုအလံတော်ကို ပြည်နယ်/တိုင်းအလိုက် မြို့ရွာများသို့ ကားတစ်တန်၊ လှေတစ်တန်ဖြင့် ဖြတ်သန်းသယ်ဆောင်၍ ဖြတ်သန်းညအိပ်ရာမြို့ရဲ့အားကစားကွင်းများ၏ ခမ်းနားထည်ဝါသော စင်မြင့်ထက်၌ ပြည်ထောင်စုအလံတော် ညအိပ်ရပ်နားခဲ့ရသည့် ပုံရိပ်၊ ကျွန်တော်တို့မြို့ကလေးတွင် ပြည်ထောင်စုအလံတော် ညအိပ်ရပ်နားခဲ့စဉ်က အထက‌ကျောင်းတော်ကြီးအတွင်းက အားကစားကွင်းကြီးရဲ့ ထိုညတစ်ညပုံရိပ်များကို ကျွန်တော်မြင်မိသည်။

“လရောင်ကလေးကဆန်း၊ ပြည်ထောင်စုအလံတော်ရဲ့ စပါးနှံနဲ့ ပင်နယံကြီးမှာဝန်းရံနေတဲ့ ပြည်နယ်/တိုင်း ကိုယ်စားပြုကြယ်ကလေးများနဲ့အပြိုင်ရှိနေတဲ့. . . အခမ်းအနားကျင်းပရာကွင်းပြင်ထက်က ကြယ်ရောင်ကလေးများကလည်း ဖျန်း၊ တပ်ဆင်ထွန်းညှိခြယ်မှုန်းထားတဲ့ ရောင်စုံဖြာ မီးရောင်အလင်းတန်းလေးများကလည်း လွှမ်း၍နေတဲ့ ချမ်းမြမြ ထိုတစ်ည ကျွန်တော်နဲ့မောင်နှမ၊ သူငယ်ချင်းများ၊ အနွေးထည်လေးတွေကိုယ်စီနဲ့ ပျော်ရင်းပါးရင်း၊ ပြေးရင်းလွှားရင်း၊ နွေးသလိုလို. . . တစ်ချက်တစ်ချက် ညင်းညင်းလေးတိုက်ခတ်လာတဲ့ ဆောင်းလေပြည်အသော့လေးက အေးသလိုလိုနဲ့. . . နွေးတစ်လှည့် . . . အေးတစ်လှည့် ခံစားရင်း. . . ပျော်ပွဲရွှင်ပွဲ၊ အငြိမ့်ဇာတ်ပွဲများ၊ စင်တင်တေးဂီတသာမက ပြည်ထောင်စုနေ့အထိမ်းအမှတ် မော်ကွန်းရုပ်ရှင်များကို အဖြူရောင်ပိတ်ကားကြီးတွင် ပျော်ရွှင်ရယ်မောကြည့်ရှုခဲ့ရသည်များ. . . ပျော်ပွဲရွှင်ပွဲပတ်လည်က အစီအရီရောင်းချနေသည့် မုန့်ဈေးတန်းလေးမှာ ရေမုန့်ဖြူဖြူလေးကို အကြော်စုံပူပူလေးကူ၍ အတူတူဝိုင်းဖွဲ့ရယ်မောစားသောက်ခဲ့ရသည်များ ကျွန်တော်သတိရတမ်းတရင်း လွမ်းမိပြန်သည်။

အတွေးတို့သည် ကျွန်တော်တို့ငယ်စဉ်ဘဝများက လူငယ်သဘာဝ ပျော်ရွှင်ခဲ့ရသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအမှတ်တရအပျော်များနဲ့ ရှိနေခဲ့သလို အသက်အရွယ်နှင့်အတွေ့အကြုံများအဖြစ် ပေါ်လာသည့် ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်၊ စုစုစည်းစည်း ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်စေချင်သည့် ပြင်းပြသည့်ဆန္ဒ၊ စိုးရိမ်ကြောင့်ကြမှုအတွေးတို့ကလည်း ဝင်ရောက်လာခဲ့ပြန်သည်မို့ အတွေးတို့သည် အေးတစ်ခါ နွေးတစ်လှည့်ဖြင့် ရှိနေခဲ့ပြန်တော့ ရုပ်ရှင်သရုပ်ဆောင် အဆိုတော်ကြီး အကယ်ဒမီ ဦးဝင်းဦး သီဆိုခဲ့သည့် “ပြုံးတစ်လှည့်၊ မုန်းတစ်လှည့်၊ မာယာပိုင်ရှင်”တေးသွားလေးကိုပင် အမှတ်မထင် ဆိုညည်းမိပြန်သည်။

ထိုအတွေးများနှင့်အတူ “ပြည်ထောင်စုစိတ်ဓာတ် နှီးကြားရှင်သန်ရေး၊ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး” ဟူသော ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို “ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုအားလုံး လက်တွဲညီညီဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ကြပါမည်” ဟု ခိုင်မာသော သန္နိဋ္ဌာန်စိတ်များကို စာရှုသူတိုင်းရင်းသားညီအစ်ကိုအပေါင်းတို့၏ စိတ်အစဉ်တွင် ရှိနေစေချင်သည့် အတွေးလေးကလည်း ကျွန်တော်တို့ရင်ထဲတွင် စွဲစွဲထင်ထင်. . .

ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအားလုံး စည်းလုံးညီညွတ်စွာပါဝင်သော၊ ဖွံ့ဖြိုးတိုးတက်ခိုင်မြဲသော၊ ငြိမ်းချမ်းသာယာသော ခေတ်မီဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးကို ရှေးရှု၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဋ္ဌာန(၂) (MICC-2) ၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးလည်း ဖြစ်သည်။

ထို့အတူ ကျင်းပခဲ့ပြီးသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှချမှတ်သော ငြိမ်းချမ်းရေးရည်မှန်းချက်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဋ္ဌာနကိုလည်း ဖွဲ့စည်းတည်ထောင်၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။ အချိန်ကာလတစ်ခုသို့တိုင် အချိန်ယူ၍ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို အချင်းချင်း ညှိနှိုင်းဆွေးနွေးအဖြေရှာပြီးသည်အထိ ကြီးမားကျယ်ပြန့်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ဦးတည်နေသည်ကိုလည်း တွေ့နေရသည်။ ယင်းတို့ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေများ ရှာဖွေစုဆောင်းရန်၊ နိုင်ငံတကာအလှူရှင်များ၊ ပြည်တွင်းအလှူရှင်များ ထည့်ဝင် လှူဒါန်းနိုင်ရန်တို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိသည်ကိုလည်း ကျွန်တော်တို့တွေ့ရသည်။ အဆိုပါ ရန်ပုံငွေလည်း စနစ်တကျနှင့် ထိရောက် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်း






စဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကိုလည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးကြောင်း တွေ့ရှိခဲ့ရပြန်သည်။ ထိုကဲ့သို့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော၊ ထက်သန်သောစိတ်ဓာတ်အခြေခံအားမာန်များဖြင့် နေ့မအားညမနားဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုမြော်တွေး၍ တစ်နေ့သောအခါဝယ်. . .

“ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့သည် ညီညွတ်မျှတမှုကို အခြေခံသော တိုင်းရင်းသားပြည်သူအပေါင်း၏ လူမှုစီးပွားဘဝ တိုးတက်မှု၊ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ ခိုင်မြဲမှုတို့ကိုရှေးရှုသော မေတ္တာစိတ်အခံများဖြင့် ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်လိမ့်မည်”

“ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်မည့် ငြိမ်းချမ်းရေးရလဒ်ကောင်းများကိုလည်း ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုများ၏လက်ဝယ် ပိုင်ပိုင်ရရှိနိုင်လိမ့်မည်”

“နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်ကြီးသည်လည်း ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုအားလုံးပါဝင်သော၊ အင်အားတောင့်တင်းခိုင်မာသော ခေတ်မီပြည်ထောင်စု တပ်မတော်ကြီး ဖြစ်လာဦးမည်”ဟု မျှော်လင့်ခြင်းများစွာဖြင့် ကျွန်တော် ယုံကြည်မျှော်လင့်မိသည်။

ထိုသို့ ယုံကြည်မျှော်လင့်မိသည်နှင့်အတူ တပ်မတော်တွင်းမှာ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့စဉ်က ထူးခြားတဲ့ဓလေ့စရိုက်၊ ပြောဟန်ဆိုဟန်စကားသံများနဲ့ ချစ်ခင်ဖွယ်ကောင်းလှသော တိုင်းရင်း သား၊ တပ်မတော်သား ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက် များရဲ့ အမှတ်တရပုံရိပ်များကို သတိရလျက် အနာဂတ် ပြည်ထောင်စုတပ်မတော်ကြီးမှာလည်း ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို တပ်မတော် သားများရဲ့ ချစ်ခင်နှစ်လိုဖွယ်ရာ အမှတ်တရတို့သည် ပျော်ပျော်ရွှင်ရွှင်၊ ချမ်းချမ်းမြေ့မြေ့ လွမ်းစရာဓလေ့များအဖြစ်နဲ့ တွေ့နေရဦးမည့် ကျွန်တော်ချစ်သော တပ်မတော်ဟုပင် ကြည်နူးစွာ ခံစားရင်း နှောင်းအတိတ်က တိုင်းရင်းသား၊ တပ်မတော်သား၊ ရဲဘော် ရဲဘက်တို့၏ ပုံရိပ်တို့သည် တရေးရေး ပေါ်လာ ပြန်သည်။

တပ်မတော်သားဘဝအစက ကျွန်တော့်ရဲ့ လက်ဦးဆရာ အကောင်းမြင်ဝါဒကိုင်စွဲသူ၊ ကျွန်တော်ရဲ့ တပ်ရင်းမှူး ချင်းအမျိုးသားကြီး။ သူရသတ္တိနဲ့ ပြည့်စုံသလို၊ ရဲဘော်ရဲဘက်များကို ချင်းရိုးရာအစားအသောက်များနဲ့ မိဘသဖွယ် ချက်ပြုတ် ကျွေးမွေးတတ်သူ၊ တောတွင်းနေထိုင်စားသောက်ရတဲ့ အတတ်ပညာ၊ အမဲလိုက်ခြင်းကိုလည်း ကျွမ်းကျင်သူ၊ တောကောင်မရတဲ့အခါ တောကောင်လေးတွေကို ဘုရားသခင်ကောင်းချီးပေးတယ်ဟု အကောင်းမြင်စိတ်နဲ့ ကျေနပ်ရယ်မောပြန်လာတတ်သူ၊ အေးဆေးတည်ငြိမ်တဲ့ စစ်ဆင်ရေးကာလမျိုးမှာတော့ ပန်းချီဆွဲ၍ အပန်းဖြေတတ်သူ၊ ကျွန်တော့်ရဲ့ လက်ဦးဆရာ။

အေးချမ်းလှတဲ့ ရှမ်းပြည်နယ်ရဲ့ နံနက်ခင်းများမှာ နှင်းထုအကာအကွယ်နဲ့အတူ လက်နက်ကြီးပစ်ကူယူ၍ လုံ့စွပ်ထိုးတိုက်ပွဲဝင်ခဲ့ရသော ခြူးရွှေစခန်းသိမ်းတိုက်ပွဲ၏ နေ့ရက်များထဲမှ ရန်သူရဲ့ပွိုင့်(၅) စက်သေနတ်ကြီး ထိမှန်၍ လက်ဖျံတစ်ခုလုံး တွဲလောင်းကျကျိုးကြေကာ လဲကျကျန်ရစ်ခဲ့သော ကချင်လူမျိုးတပ်ကြပ်ဇော်ခေါင်၊ နဖူးတည့်တည့်မှာ ဗုံးစစိုက်ဝင်ပြီး လဲကျသွားတဲ့ ကျွန်တော့်ရဲ့ အနီးကပ်စစ်သည် ရဲဘော်တင့်ဆွေ၊ နင်းမိုင်းထိ၍ ညာဘက်ခြေထောက်တစ်ခုလုံး ပေါင်ရင်းအထိ အစ ပျောက်ကာ အသံတိတ်လဲကျ၊ ကျဆုံးသွားတဲ့

**စာမျက်နှာ ၇ သို့**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၊ တရားဥပဒေစိုးမိုးရေးနှင့် ညီညွတ်မျှတရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Peter Lysholt Hansen နှင့် ဥရောပသမဂ္ဂသံရုံးမှ သံရုံးတာဝန်ခံ Dr. Colin Steinbach တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံခြားသားများဆိုင်ရာဥပဒေကြမ်းနှင့် နိုင်ငံခြားသား အလုပ်သမားဥပဒေကြမ်းတို့ကို အတည်ပြုပြဋ္ဌာန်းပါက မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုရေး၊ ခေတ်ကာလအခြေအနေနှင့် ဆီလျော်ရေး၊ တရားမျှတပြီး အကျိုးဖြစ်ထွန်းရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးနှင့် ညီညွတ်မျှတရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက တရားဥပဒေစိုးမိုးရေး၊ အလုပ်သမားအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ရယူခွင့်နှင့် မြေယာဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ရေးဆွဲရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြသည်။

ဆွေးနွေးအကြံပြုချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရာတွင် ပြည်ထောင်စုလွှတ်တော်က ပေးအပ်သည့် ဥပဒေဆိုင်ရာနှင့် အထူးကိစ္စရပ်ဆိုင်ရာကိစ္စရပ်များအား ကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဥပဒေကြမ်းရေးဆွဲခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးသည် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည်နှင့်အညီ ဥပဒေကြမ်းများ၊ နည်းဥပဒေများရေးဆွဲရာတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုဗဟိုပြု၍ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ စိတ်ပါဝင်စားသည့် ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများသိရှိရန် ပညာပေးခြင်း၊ ပူးပေါင်းပါဝင်ခြင်းဆောင်ရွက်ချက်များ၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် Law reform ၏ အရေးပါမှုနှင့် တရားမျှတပြီး ပြည်သူများလိုက်နာနိုင်သည့် ဥပဒေ၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ခေတ်ကာလနှင့် ဆီလျော်သည့် ဥပဒေများ ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နှင့် သက်ဆိုင်ရာသို့ ကော်မရှင်က တင်ပြအကြံပြုဆောင်ရွက်မှုအခြေအနေ၊ ဥပဒေကြမ်းများရေးဆွဲရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပါဝင်ဆွေးနွေးအကြံပြုကြသဖြင့် ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ ပညာရေးစာသင်ကျောင်းများအတွက် အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၃၁**

Greater Mekong Initiative ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီး Mrs. Akie Abe နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဇနီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာ့ဗုဒ္ဓဝိပဿနာဗိမာန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သုခကာမီ သီလရှင်သင်ပညာရေးကျောင်း၊ ဇလွန်သီလရှင်သင် ပညာရေးကျောင်း၊ ပညာသိင်္ဂီ သီလရှင်သင်ပညာရေးကျောင်း၊ အပမာဒ သီလရှင်သင် ပညာရေးကျောင်းနှင့် ပုညဝိသုဒ္ဓိဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းသို့ သွားရောက်ကြည့်ရှုလေ့လာစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဇနီးနှင့်အဖွဲ့၊ အလှူရှင်များသည် ပညာရေးစာသင်ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် သိန်း ၅၀ နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

❂ စာမျက်နှာ ၆ မှ

ကရင်ရဲဘော်လေး စအေးမြင့်၊ နင်းမိုင်းရဲ့ အားပြင်းတဲ့ ယမ်းခိုးများ မျက်စိအားရိုက်ခတ်၍ "ကျွန်တော့်မျက်စိ မမြင်ရတော့ဘူး ဗိုလ်ကြီး"လို့ အော်ဟစ်လဲကျခဲ့တဲ့ ယောနယ်က ရဲဘော်ထွန်းရှင်တို့ရဲ့ ဝမ်းနည်းဖွယ် အမှတ်တရများ၊ ညအမှောင်ထုကို အကာအကွယ်ယူ၍ မိကျောင်းတွားသွားဖြင့် ရန်သူ့စခန်းသို့ ချီတက်ချဉ်းကပ်စဉ် ရန်သူ့ ခြံစည်းရိုးနားက ပုပ်ပွနေတဲ့ရန်သူအလောင်း၊ မိမိအလောင်းများကို ပွတ်တိုက်ကျော်လွှားရင်း ရန်သူ့ရဲ့ လက်ပစ်ဗုံး၊ လောင်ချာ၊ လက်နက်ကြီး၊ လက်နက်ငယ်ကျည်များ၊ မိမိတို့ရဲ့ ရှေ့နောက်ဘေး ဝဲ၊ ယာသို့ လှိုင်လှိုင်ကျရောက်နေခိုက်၊ "ဗိုလ်ကြီးရေကျွန်တော်သေရင်၊ ဟားခါးက အနူးတို့ဆီ အကြောင်းကြားပေးနော်"ဟု မာန်တင်း၍ပြောနေခဲ့တဲ့ ချင်းကလေး ဒု-တပ်ကြပ် ထန်ဒိုးပေါင်။

ကွတ်ခိုင်အရှေ့ခြမ်း ရွှေလီချိုင့်ဝှမ်း စစ်ဆင်ရေးရဲ့ "လော့နော်" ပလောင်ရွာ ဘုန်းကြီးကျောင်းတောင်ကုန်းမှာ "ရိက္ခာ ငါးပိဖုတ်၊ ငရုတ်သီးခြောက်မီးကင်နဲ့ အားပါးတရ နေ့လယ်စာစားနေတဲ့ ကယားလူမျိုး ရဲဘော်လေးကို "ထမင်းကလည်း ဟန်းဂေါ်အပြည့်နဲ့ အများကြီး၊ ဟင်းကလည်းမပါ ကုန်ပါ့မလားတပည့်ရ"ဟု ကျွန်တော်ရဲ့ ပဋိသန္ဓာရအမေးကို "များပေမယ့်လောက်ပါတယ် ဗိုလ်ကြီး"လို့ အလက်ာမြောက်စွာဖြေလိုက်တဲ့ ကယားလူမျိုး ရဲဘော်လေး. . .။

ရှေ့တန်းစစ်ဆင်ရေးတွေမှာ မူးလာရင် ရဲဘော်အချင်းချင်း နားရွက်ကိုက်သည်အထိ သွေးဆိုးတတ်ပေမယ့် တိုက်ပွဲမှာတော့ ရဲရဲဝံ့ဝံ့စွန့်စားတတ်သလို အမဲလိုက်တစ်ခါထွက်ရင် ပြောင်၊ စိုင်၊ ဆတ်စတဲ့ တောကောင်ကြီးများကိုပင် အတွဲလိုက်ရလာတတ်လို့ ကျွဲလှည်းနဲ့ပါ အကြိုလွှတ်၍ သွားယူပေးရသည်အထိ တောပစ်ကျွမ်းတဲ့ ကရင်ရဲဘော် စောထီးဒိုးနဲ့ အစားအသောက်ရှားပါးချိန် ရန်သူနဲ့စပ်ကြားနယ်မြေ မိုင်းပေါတဲ့ မိုင်းတောထဲမှာပင် မြေတွင်းအောင်းနေတဲ့ ပုရစ်မှအစ အကောင်မျိုးစုံကို တူးဖော်ရှာဖွေ၍ တစ်မျိုး၊ နီးစပ်ရာတောတောင်မှ စား၍ရသမျှ အရွက်ပေါင်းစုံနဲ့ ရှာကြံချက်ပြုတ်ကျွေးမွေး၍ တစ်မျိုး၊ တောတွင်းနေထိုင်စားသောက်မှုရဲ့ လမ်းပြကြယ် ကရင်ရဲဘော် မောင်ဝင်း။

သူ့ရဲ့အချစ်ဆုံး တစ်ဦးတည်းသောညီမ ဖြူဖြူချောချောလေးကို အမွှမ်းတင်ချစ်တတ်ပြီး စတတ်နောက်တတ်တဲ့ ရဲဘော်တွေကြောင့် သူ့ညီမလေးဓာတ်ပုံပျောက်သွားတဲ့အခါ ငိုမဲ့မဲ့မျက်နှာပေးနဲ့ တိုင်တတ်တဲ့ မွန်ကလေး ရဲဘော်နိုင်ဝင်းဆွေ။

တပ်စုကို ရခိုင်ငါးပိထောင်းနဲ့ ရခိုင်ဟင်းစပ်စပ်လေးတွေ ချက်ကျွေးတတ်သလို ကြွပ်ဆတ်ဆတ်မာကျောကျောဟန်နဲ့ တိုက်ပွဲတိုင်းမှာ ရဲဝံ့စွန့်စားတတ်သူ"အသားမည်းပေမယ့် ပတ္တမြားခဲပါဗျ"လို့ ဂုဏ်ယူဝင့်ကြွားတတ်သူ ရခိုင်လူမျိုး ဒု-တပ်ကြပ်စိုးပေ။

ရှမ်းမလေးတွေ ပေါတယ်၊ ချောတယ်လို့ နာမည်ကြီးလှတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသရဲ့ စစ်ဆင်ရေးတွေမှာ အပျိုချောချောနဲ့ စကားလက်ဆုံကျတိုင်း "စခန်းမှာ ကျွန်တော်တစ်ယောက်ပဲ လူပျို"ဟု ဘာသာစကားကျွမ်းကျင်မှုနဲ့ပြိုင်ဘက် လူပျိုစစ်သည်တွေကို အနိုင်ပိုင်းကြော်ငြာဝင်တတ်တဲ့ ရှမ်းကလေးရဲဘော် အိုက်ပီးတို့ကို တွေးမိတော့ အတွေးမှတစ်ဆင့် နှစ်နှစ်ခြိုက်ခြိုက်အပြုံးများနဲ့အတူ မေ့မေ့မောမော ငေးမောနေမိပြန်သည်။

အတွေးရေယာဉ်ကြောမှာ မည်မျှမျောနေသည်မသိ. . . အိမ်သူသက်ထားရဲ့ "အဖေကြီး ထမင်းစားမယ်၊ တီဗွီမှာ လာနေတာက သတင်းတွေ၊ ပြုံးပြုံးကြီး မလှုပ်မယှက်ကြည့်နေပုံထောက်တော့ ဧကန္တ ငယ်ရည်စားအကြောင်းတွေးပြီး ပြုံးနေတာလား"ဟု စူးစမ်းတဲ့အကြည့်နဲ့ သူဆိုလာမှ သတိလေးကပ်ပြီး "မေကြီးရေ တစ်ဝက်မှန်၊ တစ်ဝက်မှား" လို့ မထိတထိ တုံ့ပြန်လိုက်တော့ "အော်ပြောပါဦး မှန်တာလေး၊ မှားတာလေး"လို့ ပြောရင်း အနားကပ်လာတဲ့ဇနီးကို "ဟိုး ဆရာမရေ တစ်ဝက်မှန်တယ်ဆိုတာက ငယ်ကအကြောင်းစဉ်းစားပြီး ပြုံးနေတာမှန်တယ်လို့ ပြောတာ၊ မှားတယ်ဆိုတာက မေကြီးဆိုလိုတဲ့ ငယ်ရည်းစားအကြောင်းတော့ မဟုတ်ဘူး။ တိုင်းရင်းသားတေးသံတွေ နားထောင်ရင်း ငယ်ကသေဖော်ရှင်ဖက် တိုင်းရင်းသားရဲဘော်ရဲဘက်တွေအကြောင်း အတွေးနယ်ချဲ့ရင်း ပြုံးနေတာပါကွယ်" လို့ ပြောလိုက်မှ ထမင်းစားခန်းသို့ အိမ်သူသက်ထားရဲ့ လက်ဆွဲခေါ်ဆောင်ခြင်းနှင့်အတူ သမီးများရဲ့ "ဟေး. . . ဖေကြီးလာပြီ၊ လူစုံပြီး စားကြမယ်ဟေ့"ဆိုတဲ့ပျော်ရွှင်ဖွယ် စကားသံများအကြားက မေ့လက်ရာရနံ့မွှေးမွှေးမိသားစုထမင်းဝိုင်းကလေးကို အားပါးတရ ဆင်နွှဲရင်း ---။

-ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ မှီတင်းနေထိုင်ကြတဲ့ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးက တိုင်းရင်းသားညီအစ်ကိုသွေးချင်းသားချင်းတို့ရဲ့ မိသားစုထမင်းဝိုင်းများလည်း အစဉ်ထာဝရ နွေးနွေးထွေးထွေး၊ ငြိမ်းငြိမ်းချမ်းချမ်း၊ စုံစုံညီညီ၊ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆင်နွှဲနိုင်ကြပါစေ. . .။

-ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးဆီသို့ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုအားလုံး အတူလက်တွဲချီတက်နိုင်ပါစေ. . .။

-ပင်လုံမြေမှ အခြေတည်ခဲ့ရသော ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကို အပေါင်းတို့၏ တွဲလက်များသည် နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့ခိုင်မြဲလျက် အေးအတူပူအမျှ ရွှေလက်ရယ် ခိုင်ခိုင်မြဲ၍ အနာဂတ်ခရီးကို ထာဝရလက်တွဲချီတက်နိုင်ပါစေလို့ ပြင်းပြသောဆန္ဒများဖြင့် ကျွန်တော်ဆုတောင်းမေတ္တာပို့သလိုက်မိပါတော့သည်။ ။

❖ ထိုင်းနိုင်ငံမှ
ဒေါ်ခင်မျိုးသန့် ဝေါလ်ဗွီးရှင်းမြန်မာ(ရန်ကုန်-ကျိုင်းတုံ-တာချီလိတ်)အဖွဲ့တို့မှ လက်ခံသည်။

အဆိုပါ လွှဲပြောင်းလက်ခံသော အမျိုးသမီးငယ် ၁၅ ဦးတို့သည် ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခြင်း၊ နေထိုင်ခွင့်ကတ်ပြားမရှိခြင်း၊ နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက် ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရသည်။ ၎င်းတို့မှာ လူကုန်ကူးခံရကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသည့် ဂေဟာများအနက် Songkhla Shelter တွင်လက်ခံစောင့်ရှောက်ထားသည့် လူကုန်ကူးခံရသူ ၁၅ ဦးတို့အား နိုင်ငံသားစိစစ်မှုများ ပြုလုပ်ပြီးနောက် ထိုင်းနိုင်ငံတာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ၎င်းတို့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ မိုင်းယောင်းမြို့၊ မက်မန်းမြို့၊ မိုင်းခတ်မြို့၊ မိုင်းယန်းမြို့၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ(၂) စသည့် ကျေးရွာအုပ်စုများတွင် နေထိုင်သူများဖြစ်ကြသည်။

အဆိုပါလွှဲပြောင်းပေးသူ ၁၅ ဦးအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၊ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်းနှင့် မိခင်နှင့်ကလေးကော်မတီဝင်များက နှစ်သိမ့်စကားပြောကြားကာ တစ်ဦးလျှင် ကျပ် ၅၀၀၀ စီ ထောက်ပံ့ပေးအပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ဆက်လက်ပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက မှတ်ပုံတင်မပြုလုပ်ရသေးသည့် အမျိုးသမီးငယ်များအား မှတ်ပုံတင်ပြုလုပ်ရေး ဆွေးနွေးပြောကြားပြီးနောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးကျော်သူနိုင်က တာချီလိတ်ဇာတိဖြစ်သော အမျိုးသမီးငယ်နှစ်ဦးအား မိဘများထံ အပ်နှံပေးခဲ့ပြီး ကျန် ၁၃ ဦးကို ကျိုင်းတုံ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းမှ ဆရာမများနှင့် ဝေါလ်ဗွီးရှင်းမှ တာဝန်ရှိသူများက ယာဉ်မောင်း စိုင်းလုံမောင်းနှင်သော Mini Bus အမြန်ယာဉ်ငယ်ဖြင့် တာချီလိတ်မှ ကျိုင်းတုံသို့ ခေါ်ဆောင်သွားပြီး ၎င်းတို့၏ မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံမည်ဖြစ်ကြောင်း သိရသည်။

(၁၁၁)





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် စက်ရုံမှထုတ်လုပ်ထားသော တပ်မတော်(ကြည်း၊ရေ၊လေ) ယူနီဖောင်း ပိတ်စများနှင့် အခြားအသုံးအဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်သို့ ရောက်ရှိကြပြီး လေယာဉ်ရုံအတွင်း ရဟတ်ယာဉ်ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်လိုင်းစနစ်သစ်နှင့် အဘချစ်

ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီမှစ၍ ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ် ပြောင်းလဲခဲ့သည်မှာ ယနေ့ ဇန်နဝါရီ ၃၁ ရက်တွင် ၁၆ ရက်မြောက်ရှိပြီဖြစ်သည်။ စနစ်သစ်ယာဉ်လိုင်းစတင်သည့်နေ့က ယာဉ်လိုင်း ၆၁ လိုင်းရှိသည်။ ယာဉ်စီးရေ ၂၆၀၀ ခန့် ပြေးဆွဲခဲ့သည်။ ခရီးသွားပြည်သူများ၏လိုအပ်ချက်၊ ပြည်သူများနှင့် ပရဟိတလူမှုရေးအဖွဲ့အစည်းများ၏ အကြံပြုချက်များအရ ယာဉ်လိုင်းသစ်တို့ ထပ်မံတိုးချဲ့ ပြေးဆွဲခဲ့သည်။ ယနေ့တွင် ယာဉ်လိုင်းပေါင်း ၇၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ယာဉ်လိုင်းပေါင်း ၇၀ ကျော်ပြီဖြစ်သော်လည်း ခရီးသည်နှင့်ယာဉ် အချိုးမညီသေး၊ ယာဉ်လိုအပ်ချက်များ ရှိနေသေးသည်။ ခရီးသွားပြည်သူများ အဆင်မပြေမှုများ ကြုံတွေ့နေသေးသည်။ အသွားအလာများသည့် ယာဉ်လိုင်းတွင် ယာဉ်စီးရေအထွက်နည်းပြီး အသွားအလာများသည့် ယာဉ်လိုင်းတွင် ယာဉ်အထွက်ကျဲခြင်း၊ ယာဉ်လိုင်းတစ်လိုင်းမှ အခြားယာဉ်လိုင်းပြောင်းစီးရမည့် ယာဉ်များ အချိတ်အဆက်မမိသေးခြင်းများအပါအဝင် အခြားအကြောင်းများစွာတို့ကြောင့် ခရီးသည်နှင့် ယာဉ်အဆင်မပြေမှုများ ကြုံနေရခြင်းဖြစ်သည်။

အဆင်မပြေမှုကြုံရခြင်းမှာ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်ရေး ကော်မတီ(မထသ)ယာဉ်လိုင်းစနစ်ဟောင်းမှ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး ယာဉ်လိုင်း(YBS)စနစ်သစ်သို့ ပြောင်းလဲခဲ့ခြင်း၏ အတွေ့အကြုံမှာ ရက်ပိုင်းမျှသာ ရှိသေးခြင်းကြောင့်ဟု ဆိုရပါမည်။ ယာဉ်လိုင်းစနစ်သစ်နှင့် အများပြည်သူအတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရန် စေတနာကောင်းကို ရှေ့တန်းတင်စီစဉ်ခဲ့ကြသူများအပေါ် အဘချစ် နားလည်ပါသည်။ အပြစ်တင်စရာ မရှိပါ။

အဘချစ်ဝန်ထမ်းဘဝဖြင့် ရုံးသွားရုံးပြန် ရန်ကုန်မြို့တွင်း လိုင်းကားနှင့် ခရီးနှင်ခဲ့ရသည်မှာ (နေပြည်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ချိန်မှအပ) ပင်စင်သွားသည်အထိဖြစ်သည်။ လွန်ခဲ့သည့် ၃၅ နှစ်လောက်အချိန်မှ (၂၀၀၀) ပြည့်နှစ်လောက်ထိ နေ့နေ့ညညရုံးသွား၊ ရုံးပြန်အချိန်မှန်ပြဿနာမရှိခဲ့၊ (၂၀၀၀) ပြည့်နှစ်နှောင်းပိုင်းမှစ၍ လိုင်းကားကို တိုးတက်၊ တိုးဝင်၊ တိုးစီး၊ တိုးဆင်းဖြင့် နပမ်းလုံးခဲ့ရသည်။ "ဟိုအဘိုးကြီး" "ဟိုဘိုးတော်ကြီး" "အမြန်တက်" "ရှေ့တိုးစီး" "လက်တန်းဖြုတ်ဆင်း" "ကားပေါ်ကဆင်းရင် "မင်းသားကြီးကျနေတာပဲ"စသည့် အော်သံ၊ ဟောက်သံ၊ အားပေးသံတို့နှင့်အတူ လိုင်းကားကို ရင်ဆိုင်ခဲ့ရသူပါ။ ၂၀၁၆ ခုနှစ်ကုန်ထိဆိုပါလျှင် လိုင်းကားစီးဒုက္ခ ၁၆ နှစ်ကျော်ရှိခဲ့သည်။

ပင်စင်စားတစ်ဦးဖြစ်သော်လည်း လူမှုရေးကိစ္စဖြင့် ရန်ကုန်မြို့ထဲသို့ နေ့စဉ်သွားနေဆဲပါ။ လိုင်းကားစီးဒုက္ခပေါင်းများစွာကို ၁၆ နှစ်ကျော်ခံစားခဲ့ရပြီးသူအဖို့ ယခု ဇန်နဝါရီ ၁၆ ရက်ကစခဲ့သည့် လိုင်းကားစနစ်သစ် ၁၆ ရက်တာ လိုင်းကားစီးဒုက္ခကိုတော့ မမှုတော့ပါ။ ရက်ပေါင်း ၁၆၀ ထိအောင် မမှုတော့ပါ။ ရက်ပေါင်း ၁၆၀ လောက်ဆိုရင်တော့ လိုင်းကားစီးပြီး ခရီးနှင်ရသည့်ဒုက္ခ ယခုထက်ပိုမိုအဆင်ပြေလာနိုင်မည်ဟု ထင်ပါသည်။ ခရီးသည်အများစုက ယခု ၁၆ ရက်တာကာလအတွင်း ကိုယ်စီးရမည့် လိုင်းကားနံပါတ်၊ မှတ်တိုင်၊လိုင်းကားရဲ့ခရီးစဉ်---စတာတွေကို သိနေကြပါပြီ။ စနစ်သစ်၏ လိုင်းကားလမ်းကြောင်းအသစ်ကြောင့် ရုံးသွား၊ ရုံးပြန်၊အလုပ်သွား၊ အလုပ်ပြန်၊ ကျောင်းသွား ကျောင်းပြန်အဆင်ပြေကြသူများရှိသလို အဆင်မပြေသေးသူများလည်း ရှိနေသေးကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေခြောက်သန်းကျော်ရှိသည်။ နေ့စဉ် (ရထားစီးခရီးသည် တစ်သိန်းနီးပါးခန့်မပါ)လိုင်းကားစီးခရီးသည်နှစ်သန်းကျော်ရှိသည်။ အဆိုပါ နှစ်သန်းကျော်သော ခရီးသည် ကြီးကြီး၊ ငယ်ငယ်၊ အရွယ်အားလုံး ရုံး၊ ကျောင်း၊ ဈေးဌာနသို့ အချိန်မီရောက်အောင်၊ သွားလာရေးအဆင်ပြေအောင် စီစဉ်ပေးရမည့်လုပ်ငန်းကား လွန်စွာကြီးမားလှသည်။

ယင်းကြောင့် ဇန်နဝါရီ ၁၆ ရက်မှစတင်ခဲ့သော ယာဉ်လိုင်းစနစ်သစ်သည်ကား အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာကြားထဲမှ ခရီးသည်များ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ အခက်အခဲများကို ပြေလည်နိုင်သမျှ ပြေလည်အောင် နိစ္စဓူဝရင်ဆိုင်ဖြေရှင်းပေးလျက်ရှိသည့် စီမံခန့်ခွဲသူများအပေါ် ကိုယ်ချင်းစာလေးစားမိသည်။

ခရီးသွားများနှင့် စနစ်သစ်ယာဉ်လိုင်းသစ်အံမဝင်သေးမီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ခရီးသွားများအတွင်း ကွင်းဆင်းပြီး ခရီးသွားများ၏ အခက်အခဲကို တတ်နိုင်သလောက်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ အခက်အခဲများကို ခရီးသွားပြည်သူများကပါ ကူညီပေးကြစေလိုကြောင်း ပြောကြားထားသည်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးကလည်း "ပြည်သူက အသုံးမလိုတဲ့လိုင်းတွေကို ပြန်ဖြုတ်ချပြီး ပြည်သူက အသစ်တောင်းဆိုတဲ့ ယာဉ်လိုင်းတွေ ထပ်ထည့်မယ်"ဟု ပြောကြားထားသည်။

ခရီးသွားများ ခရီးသွားလာမှုအဆင်ပြေသည်ထက် အဆင်ပြေစေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံကြီးကြပ်ပေးနေသလို လိုအပ်သည့်ခရီးသည်တင်ယာဉ်များ ဝယ်ယူဖြည့်တင်းခြင်း၊ ခရီးစဉ်လိုင်းတွင် ပြေးဆွဲနေသည့် ယာဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းချုပ်နိုင်ရန် CCTV များ၊ ခရီးသည်တင်ယာဉ်များ ယာဉ်လိုင်းအတွင်းသွားလာနေစဉ် စောင့်ကြည့်ထိန်းချုပ်နိုင်သည့် GPS စနစ်များ တပ်ဆင်ရန်စီစဉ်နေခြင်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ကြီးကြပ်၊ အုပ်ချုပ်သူများအား လုပ်ငန်းပိုင်းဆိုင်ရာ ပညာပေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့က စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ်ကို အဘချစ် အပြစ်မဆိုနိုင်ကြောင်း၊ခရီးသွားပြည်သူများ၏ အခက်အခဲကို တတ်နိုင်သလောက် ဖြေရှင်းပေးနေသမျှ ခရီးသွားပြည်သူများကလည်း ခရီးသွားလာမှုအဆင်ပြေနေလာသည်နှင့်အမျှ YBS ကို အားကိုးနေမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။

**အဘချစ်**

# နေအိမ်မီးရှို့မှုဖြစ်ပွား

မြင်းခြံ ဇန်နဝါရီ ၃၁
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၆) ရပ်ကွက် နယ်မြေ (၁၃) တွင် နေအိမ်မီးရှို့ မှုတစ်ခုကို ဇန်နဝါရီ ၃၁၊ ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ အိမ်ပိုင်ရှင် ဦးတင်ဘ၏သားဖြစ်သူ မောင်ဖိုးတွတ်သည်အရက်ကြောင်ရာမှ မိမိအိမ်ကို မီးရှို့မှုဖြစ်ပွားခြင်းဖြစ်သည် ။ မီးရှို့သဖြင့် လောင်ကျွမ်းရာတွင် ဘေးပတ်ဝန်းကျင်မှ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ၎င်းနေအိမ်၏ ထရံများသာ ပျက်စီးလောင်ကျွမ်းပြီး အမိုးများနှင့်အခြားနေအိမ် အဆောက်အအုံ များသို့ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့် အိမ်မှာ မြေစိုက်၊ ထရံကာ၊ သွပ်မိုး ၊ သုံးပင် ၊ နှစ်ခန်း နေအိမ်ဖြစ်ပြီး သားအဖ နှစ်ဦးနေထိုင်ခြင်းဖြစ်သည်။ မြင်းခြံမီးသတ်တပ်ဖွဲ့မှ မီးသတ်ကားများရောက်ရှိလာသော်လည်း ပြည်သူများမှဝိုင်းဝန်းငြိမ်းသတ်သဖြင့်မီးငြိမ်းသွားခဲ့ပြီဖြစ်ပြီး အခြားသို့ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိကြောင်းနှင့် မီးရှို့သူ မောင်ဖိုးတွတ်အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည် ။

**ဦးဇော်မင်းနိုင် ( မြင်းခြံ )**



## ပြည်တွင်းရေးရာ

# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ရန်ကုန်တိုင်းဒေသကြီးတွင် တတိယအကြိမ် အလှူငွေလှူဒါန်းပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ရန်ကုန်တိုင်းဒေသကြီး၌ တတိယအကြိမ် အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်နေရာ၌ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းမှုများကို လက်ခံသွားမည်ဖြစ်သည်။

သို့ဖြစ်၍ လှူဒါန်းလိုသူများ သိရှိနိုင်ပါရန်နှင့် ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီး ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညို

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mrs. Sengdeuane LACHANTHABOUNE သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရွှေတိဂုံစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် လာအိုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

# ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (Norwegian Environment Agency)တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ရေဝပ်ဒေသဘေးမဲ့တောများ စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တော၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❑ ချင်းတွင်းမြစ်မှ

ဟိန်းမင်းအဆန်ကုန်တင်ရေယာဉ်တွင် ရေယာဉ်ပဲ့နင်း ဦးကျော်ဆွေနှင့် ပိုင်ရှင်ဦးကျော်မြင့်တို့အပါ အမျိုးသား ငါးဦး လိုက်ပါ၍ ဒီဇယ်ပီပါ အလုံး ၂၀၀၊ ဆန် ၁၀၀ အိတ်၊ ကုန်မျိုးစုံ ၁၀၀ တင်ဆောင်ခဲ့ကြောင်း သိရသည်။

ပြည်တော်အေးအစုန်ကုန်တင်ရေယာဉ်တွင် ရေယာဉ်ပဲ့နင်း ဦးအောင်ကိုထက်နှင့် ပိုင်ရှင်ဒေါ်ချိုမာတို့အပါ အမျိုးသား ငါးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ကိုးဦး လိုက်ပါ၍ ဖွဲအိတ် ၁၁၄ အိတ်၊ ဆန်အိတ် ၂၀၊ ရေနံချေး ၁၅ ပုံး တင်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်တိုက်မှုတွင် ထိခိုက်သေဆုံးသူမရှိကြောင်းနှင့် အခင်းဖြစ်ပွားသည့်နေရာသို့ ကလေးဝမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ချင်းတွင်းသား**
**ဓာတ်ပုံ-မော်လိုက်(ပြန်/ဆက်)**

# နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးသတင်းပို့စနစ်တစ်ခုကိုတည်ထောင်ကာ ရောဂါများစောင့်ကြပ်ကြည့်ရှုသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် တီဘီ၊ အိပ်ချ်အိုင်ဗွီနှင့် ငှက်ဖျားရောဂါနှိမ်နင်းရေးလုပ်ငန်းများတွင် အထူးဝန်ထမ်းသဘောတူညီချက်စည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) လုပ်ငန်းများမှတစ်ဆင့် အခြေခံအကျဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံနှင့်တစ်ဝန်း ပေးစွမ်းနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခု တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့စီမံချက်အသီးသီး၏ လုပ်ငန်းများ လုပ်ဆောင်နေမှုကို အကျွမ်းတဝင်ဖြစ်အောင် လေ့လာသင်ယူကြရမည်ဖြစ်ပြီး ထိရောက်သော လုပ်ငန်းများဖြစ်အောင် တာဝန်ရှိသူများနှင့် ပူးပေါင်းကြံစည် ကြိုးစားလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှဝန်ထမ်းများသည် မိမိတို့ပြုလုပ်သမျှအားလုံး၏ လုပ်ငန်းအစီရင်ခံစာများကို သက်ဆိုင်ရာ အထက်အရာရှိထံသို့ အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးသတင်းပို့စနစ်တစ်ခုကို တည်ထောင်ကာ စဉ်ဆက်မပြတ် အချက်အလက်များ ဖြည့်ဆည်း၍ ရောဂါများကို စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ကြောင်း။

တိကျမှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိသုံးစွဲခြင်းဖြင့် လက်တွေ့ကျသော စီမံကိန်းများကို မြို့နယ်အဆင့်မှ စတင်ရေးဆွဲပြီး ကုန်ကျစရိတ်ကိုပါ တွက်ချက်နိုင်မည်ဖြစ်သောကြောင့် လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှကျန်းမာရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုအဆင့်မှ တာဝန်ထမ်းဆောင်နေကြသော စီမံချက် မန်နေဂျာများသည် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော အိပ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါနှိမ်နင်းရေးစီမံချက် မန်နေဂျာများက လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို တင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မောင်တောမြို့နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား အလှူငွေနှင့် ရိက္ခာဆန်များ ပေးအပ်လှူဒါန်း

**မောင်တော ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO) ဖြစ်သည့် Muslim For Peace Foundation က အလှူငွေများနှင့် ရိက္ခာထောက်ပံ့ဆန်များကို ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ Muslim For Peace Foundation မှ အဖွဲ့ဝင်များဖြစ်ကြသည့် မစ္စတာ ဝါရာပွန်ခွန်တလီနှင့် မစ္စတာ ဗီရာပုံဆန်တာဒိုတို့သည် ယမန်နေ့ နံနက်ပိုင်းက လှူဒါန်းငွေကျပ်နှစ်သန်းကို မောင်တောဒေသရှိ တိုင်းရင်းသားများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောဒေသရှိ တပ်ဦးချောင်း၊ ဒုချီးရားတန်းနှင့် ဂေါ်ဒူသာရ ကျေးရွာအုပ်စုများမှ အစ္စလာမ်ဘာသာဝင်များအတွက်



ရိက္ခာဆန်အိတ် ၃၀၀ ကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

မစ္စတာ ဝါရာပွန်ခွန်တလီက "ကျွန်တော်တို့အဖွဲ့ဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ မောင်တောဒေသမှာ ပထမဆုံး လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးကို ထောက်ပံ့ကူညီတာ ဖြစ်ပါတယ်။ နောက်ထပ်လည်း လှူဒါန်းဖို့ ရှိပါတယ်"ဟု ဆိုသည်။

"လှူဒါန်းပေးအပ်တဲ့ ရိက္ခာဆန်တွေကို ကျေးရွာထဲက အိမ်ထောင်စုလူဦးရေအလိုက် မျှမျှတတ ခွဲဝေပေးသွားမှာဖြစ်ပါတယ်။ အခုလို လာရောက်လှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကျေးရွာတွေဟာ အခုငြိမ်းငြိမ်းချမ်းချမ်းရှိနေပါပြီ"ဟု ဂေါ်ဒူသာရ(တောင်) ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်က ပြောသည်။

**မောင်ဇော်(သတင်းစဉ်)**
**ဓာတ်ပုံ-မင်းမင်း**

## အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ

# Play-off အဆင့်မှ ရတနာပုံအသင်း ထွက်ခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၃၁**

၂၀၁၇ ရာသီ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲ Play-off ဒုတိယအဆင့်ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာကလပ် ရတနာပုံအသင်းသည် ထိုင်းပရီမီယာလိဂ်ကလပ် ဆူခိုထိုင်းအသင်းကို အဝေးကွင်းတွင် (၅-၀) ဂိုးဖြင့် ရှုံးနိမ့်ပြီး ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရသည်။

ရတနာပုံအသင်းသည် အဝေးကွင်းတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ဆူခိုထိုင်းအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ရာသီကြိုအပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသား ကစားသမားတစ်ဦးသာ ခေါ်ယူနိုင်ခဲ့သည့် ရတနာပုံအသင်းသည် ပြည်ပကလပ်အသင်းများနှင့် ယှဉ်ပြိုင်ရာတွင် သိသိသာသာ အားနည်းခဲ့ပြီး ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။

ရတနာပုံအသင်းသည် ရန်ပိုင်၊ အောင်သူ၊ စည်သူအောင်၊ သိန်းသန်းဝင်း၊ သက်နိုင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ခံစစ်အသားပေးပုံစံ ယှဉ်ပြိုင်ခဲ့သည်။ ဆူခိုထိုင်းအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများ ကို ၁၂ မိနစ်တွင် ဟီရိုမီချီ၊ ၁၇ မိနစ်တွင် လူဆန်၊ ၆၀၊ ၈၀ မိနစ်တွင် အေဒရိုဗစ်နှင့် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဝီရာဆတ်တို့က သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသောကြောင့် AFC Cup ပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

(ဖိုးသော်ဇင်)

# ဆောက်လုပ်ရေးလမ်း၊ တံတားများပေါ်တွင် တန်ပိုတင်ဆောင်သောယာဉ် ဖြတ်သန်းခွင့်မပြုကြောင်း အသိပေးမှုရှိလာ

**ရန်ကုန် ဇန်နဝါရီ ၃၁**
ဆောက်လုပ်ရေးလမ်း၊ တံတားများပေါ်တွင် တန်ပိုယာဉ်များ ဖြတ်သန်းခွင့်ကို ဧပြီ ၁ ရက်မှစတင်ကာ ခွင့်မပြုတော့ဘဲ လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် ယာဉ်+ကုန်တန်ချိန်အတိုင်းသာ ခွင့်ပြုမည်ဟု ဇန်နဝါရီ ၁၆ ရက်နေ့ ရက်စွဲပါ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲ၏ ကြော်ငြာဆိုင်းဘုတ်စိုက်ထူရန်နှင့် လက်ကမ်းစာစောင်ဖြန့်ဝေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းဦးစီးဌာနများသို့ ပေးပို့သည့်စာအရ သိရသည်။

ကုန်တင်ယာဉ် တန်ပိုတင်ဆောင်ဖြတ်သန်းမှုကို မတ် ၃၁ ရက်အထိ ပြည်သူများသိရှိလိုက်နာရန် အသိပေးခြင်း၊ ပညာပေးကာလအဖြစ်သတ်မှတ်ခြင်းတို့ ဆောင်ရွက်ပြီး ဧပြီ ၁ ရက်မှစတင်ကာ ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း မရသောပစ္စည်းများ(ဥပမာ စက်ပစ္စည်းများ၊ ထရန်စဖော်မာကြီးများ)မှအပ အခြားကုန်တင်ယာဉ်များသည် BOT လမ်း၊ တံတားဂိတ်များနှင့် လေလံဂိတ် လမ်း၊ တံတားဂိတ်များတွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြုရေး၊ BOT လေလံ တံတားဂိတ်များမှ တန်ပိုယာဉ်တားဆီးရေးဆောင်ရွက်သွားရန် ဖော်ပြထားသည်။

ယင်းစာနှင့်အတူ ပူးတွဲ(၁)ပါ နမူနာအတိုင်း အသိပေးဆိုင်းဘုတ်ကို နှစ်ဖက်တပ်ဆင်ရန်နှင့် ပူးတွဲ(၂)ပါ နမူနာလက်ကမ်းစာစောင်များကို BOT လေလံလမ်းတံတားဂိတ်ရှိ ဝန်ထမ်းများက ဖြတ်သန်းသွားလာသော ကုန်တင်ယာဉ်များ၏ ယာဉ်မောင်းများအား ဖြန့်ဝေဆောင်ရွက်သွားရန်ဟု ဖော်ပြထားသည်။

မည်သူမဆို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ဖော်ပြထားသော ပြုလုပ်မှုခုနစ်မျိုးမှ တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု သိရသည်။

၂၀၁၁ နှစ်လယ်မှစ၍ ယနေ့တိုင်ဆောင်ရွက်နေရာတွင် ဘီးနှင့် ဝင်ရိုးအရေအတွက်ပေါ်မူတည်၍ ယာဉ်+ကုန် တန်ချိန်တင်ဆောင်ခွင့် သတ်မှတ်ခွင့်ပြုခဲ့ရာမှ လိုအပ်ချက်ကြောင့် ၁၀ ဘီး၊ ၁၂ ဘီးကုန်တင်ယာဉ်ကြီးများကို ယာယီ နှစ်တန်စီတိုးမြှင့်တင်ဆောင်ခွင့်ပြုပြီး ယင်းအထက် ကုန်တင်ယာဉ်ကြီးများကိုလည်း တန်ချိန်အနည်းငယ် ယာယီတိုးမြှင့်တင်ဆောင်ခွင့်ပေးခဲ့သည်။ နွေကာလနှင့် မိုးတွင်းကာလ ခွဲခြားပြင်ဆင်သတ်မှတ်မှုလည်း ရှိခဲ့သည်။

ယာဉ်အမျိုးအစားအလိုက် ယာဉ်+ကုန်တန်ချိန်အတိုင်းသာ တင်ဆောင်ခွင့်ပြုမည်ဆိုသည့်အချက်ပေါ် ကုန်တင်ယာဉ်ပိုင်ရှင်များက ရှင်းရှင်းလင်းလင်း သိရှိလိုနေသည်။ ဝင်ရိုးအလိုက် ယာဉ်အမျိုးအစား ခွဲခြားတင်ဆောင်ခွင့်ပြုချိန်တွင် ယာဉ်အချို့သည် ကညန၏ ခွင့်ပြု ယာဉ်+ကုန်တန်ချိန် သတ်မှတ်ချက်ထက် ပိုမိုရရှိသွားလာနိုင်ခဲ့သည်။ ယာဉ်အမျိုးအစားအလိုက် ယာဉ်+ကုန်တန်ချိန်အတိုင်းဟုဆိုလျှင် လက်ရှိတင်ဆောင်ခွင့်ရရှိသည့်ပမာဏထက် လျော့နည်းနိုင်မည်ဟု ကားဂိတ်နှင့် ကုန်တင်ယာဉ်ပိုင်ရှင်များက ပြောသည်။

တန်ပိုတင်ဆောင်ခွင့်မပြုဘဲ တားဆီးရန်ဟုဆိုရာတွင် BOT လေလံလမ်း၊ တံတားဂိတ်ဝန်းကျင်နေရာများတွင် ခေါက်တိုယာဉ်ငယ်အချို့ဖြင့် ကုန်ပြောင်းသယ်ဆောင်ပြီးလမ်း၊ တံတားဂိတ်များကို ဖြတ်ကျော်လေ့ရှိသည်။ လမ်း၊ တံတားဂိတ်အနည်းငယ်သာရှိသော ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသသွားကားလမ်းများတွင်၊ အထူးသဖြင့် လှိုင်သာယာတူးချောင်းလမ်းအသုံးပြုခ ကောက်ခံရေးဂိတ်နှင့် ရန်ကုန်-ပြည်လမ်း တိုက်ကြီး လမ်းအသုံးပြုခကောက်ခံရေးဂိတ်တို့ ဝန်းကျင်တွင် ယင်းကဲ့သို့ ခေါက်တို ထော်လာဂျီယာဉ်ငယ်များဖြင့် ကုန်ပြောင်းလဲတင်ဆောင်ကုန်ချိန်းခြင်းများ မြင်တွေ့ခဲ့ရသည်။

သက်ဆိုင်ရာမှ လမ်း၊ တံတားများပျက်စီးမှုနည်းရန် ယာဉ်များ၏ လမ်း၊ တံတားများအပေါ် သက်ရောက်သော ဝန်တန်ချိန်ပမာဏပေါ် တွက်ချက်ပြီး ထုတ်ပြန်အသိပေးထားခြင်းဖြစ်သည်။ ထိုနည်းတူ ယာဉ်အမျိုးအစားအလိုက် ယာဉ်တန်ချိန်၊ ကုန်တန်ချိန်ကိုလည်း ယာဉ်မှတ်ပုံတင်ရာဌာနများမှ သတ်မှတ်ထုတ်ပြန်ပေးသည်။

သို့သော် ကားလမ်းများပေါ်တွင် ယာဉ်များ၏ သက်သေခံကတ်ပြား၊ VIC ဗီးတက်တို့တွင် ဖော်ပြထားသော ယာဉ်တန်ချိန်၊ ကုန်တန်ချိန်အတိုင်း လိုက်နာဆောင်ရွက်မှုနည်းနေဆဲဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသော ကုန်တင်ယာဉ်များအနေဖြင့် ပြည်တွင်းသို့ ရောက်ရှိအသုံးပြုချိန်တွင် ကုန်ပစ္စည်းပိုမိုတင်ဆောင်နိုင်ရန် ယာဉ်အောက်ပိုင်းပြုပြင်မှုများ ပြုလုပ်လေ့ရှိသည်။

ခရီးသည်တင်အဝေးပြေးယာဉ်ကြီးများတွင်လည်း ခရီးသည်များ၏ ဝန်စည်အထုပ်အပိုးသာမက ကုန်သည်များ၏ ကုန်ပစ္စည်းတန်ချိန်အများအပြားကိုပါ ပူးတွဲသယ်ဆောင်လေ့ရှိနေဆဲရှိသည်ကို အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းဂိတ်များတွင် မြင်တွေ့ရဆဲဖြစ်သည်။

အာဆီယံ စံချိန်စံညွှန်း သတ်မှတ်ချက်အရ ဝင်ရိုးနှစ်ခုပါ ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ယာဉ်+ကုန် ၁၆ တန် ခွင့်ပြုထားသည်။ အချို့သော ခြောက်ဘီးယာဉ်များသည် ယာဉ်အလေးချိန် လေးတန်ခွဲမှ ရှစ်တန်အထိ ကညန ခွင့်ပြုချက်သက်သေခံကတ်ပြားတွင် ကွာခြားမှုရှိသည်။ ယာဉ်အလေးချိန် လေးတန်ခွဲရှိသော ခြောက်ဘီးကုန်တင်ယာဉ်သည် အလေးချိန် ရှစ်တန်ရှိသော မျိုးတူကုန်တင်ယာဉ်ထက် ကုန်တန်ချိန် သုံးတန်ခွဲ ပိုမိုတင်ဆောင်၍ရသည်။ ကုန်တင်ယာဉ် တစ်တန်လျှင် ၁၆၀၀၀ ကျပ်ဝန်းကျင်ရှိသော မြစ်ဝကျွန်းပေါ်ဒေသတွင် ယာဉ်အလေးချိန်နည်းသော ခြောက်ဘီးကုန်တင်ယာဉ်သည် ခရီးစဉ်အသွား(သို့မဟုတ်) အပြန် တစ်ကြိမ်လျှင် ယာဉ်အလေးချိန်ကြီးသော မျိုးတူယာဉ်ထက် ကျပ် ၅၀၀၀၀ ဝန်းကျင် ပိုမိုရရှိနေသည်။

သို့ဖြစ်ရာ မိုင် ၂၀၀ ဝန်းကျင် အဝေးပြေးခရီးလမ်းကြောင်းများတွင် ယာဉ်အလေးချိန်နည်းသော ကုန်တင်ယာဉ်များသည် မျိုးတူကုန်တင်ယာဉ်များထက် ဝင်ငွေပိုမိုရရှိနေဆဲဖြစ်သည်။ ယခုကဲ့သို့ ယာဉ်အမျိုးအစားအလိုက် ယာဉ်+ကုန်တန်ချိန်အတိုင်း တင်ဆောင်ရမည်ဆိုသောအသိပေးစာတွင် အဓိပ္ပာယ်ရှင်းရှင်းလင်းလင်း ထုတ်ပြန်ပေးစေလိုသည်ဟု ကုန်တင်ယာဉ်ပိုင်ရှင်များက ပြောသည်။

**(မောင်စေအောင်)**

# လျှင်ဘေးအန္တရာယ်အခြေအနေ အရေးပေါ်တုံ့ပြန်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ် လှိုင်သာယာ အထက (၂) တွင် ပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၃၁**
စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး အစီအစဉ်အရ ဘေးအန္တရာယ်ကြုံတွေ့ပါက အရေးပေါ်အခြေအနေ တုံ့ပြန်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေရန် ဆောင်ရွက်လျက်ရှိရာ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်ကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အစီအစဉ် ဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာသင်ကျောင်းများ ဘေးကင်းလုံခြုံစေရန်နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးသက်သာစေရန်၊ ဘေးမဖြစ်မီ၊ ဖြစ်နေစဉ်၊ ဖြစ်ပြီးချိန်များတွင် လုပ်ဆောင်ရမည့်အစီအစဉ်များကို တစ်ဦးချင်း၊ အတန်းအလိုက်၊ တစ်ကျောင်းလုံး စနစ်တကျလုပ်ဆောင်လာတတ်စေရန် အစမ်းဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းမှတစ်ဆင့် မိမိတို့ကျောင်းတွင်းရှိ ထိခိုက်လွယ်သော အုပ်စုများကို ထည့်သွင်းစဉ်းစားလာပြီး ဦးစားပေးလုပ်ဆောင်ရန်အဆင့်များတွင် ထည့်သွင်းထားရှိရန်၊ ကျောင်း၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့်ပတ်သက်ပြီး ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်၊ ဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်များ၊ ခိုလှုံရန်အစီအစဉ်များ၊ တုံ့ပြန်နိုင်မှုများကို လက်တွေ့နားလည်ဆောင်ရွက်လာစေနိုင်ရန်၊ ကျောင်းသား ကျောင်းသူများအတွက် ဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ မြှင့်တင်ပေးရန်တို့အတွက် ကျင်းပခြင်းဖြစ်ပြီး စီမံချက်အလိုက် စာသင်ကျောင်းများတွင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပေးခြင်း၊ စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေး အထောက်အကူပစ္စည်းများထောက်ပံ့ခြင်း (ရှေးဦးပြုစုရေးသေတ္တာ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ကြိုတင်သတိပေးရေးအထောက်အကူပြုပစ္စည်းများ)၊ မီးသတ်ဆေးဘူး၊ လေ့ကျင့်ခန်းစာအုပ်နှင့် Halmet များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

"ငလျင်ဘေးအန္တရာယ် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို ရန်ကုန်မှာ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်ပါတယ်။ ကလေးတွေရဲ့ အချိန်အများစုက စာသင်ကျောင်းမှာဖြစ်ကြတဲ့အတွက် စာသင်ကျောင်းတွေ ဘေးကင်းလုံခြုံရေးက အဓိကကျပါတယ်။ ဘယ်လိုဘေးအန္တရာယ်တွေကြုံတွေ့ရနိုင်လဲ၊ ဘေးအန္တရာယ်ကြုံနေချိန်မှာ ဘယ်လိုလုပ်မလဲ ဒါတွေကို သင်တန်းတွေ၊ အသိပညာပေးတာတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ပြီး ဆောင်ရွက်နေပါတယ်။ ကျောင်းရဲ့ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှာဆိုလည်း ဆရာ ဆရာမတွေအပြင် ကလေးတွေကိုပါ ပါဝင်ဖွဲ့စည်းထားပြီးတော့ အရေးပေါ်ကြုံတွေ့တဲ့အခါ ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်နေပါတယ်။ အခု လှိုင်သာယာ အထက (၂) မှာ ငလျင်ဘေးနဲ့ပတ်သက်လို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း အစီအစဉ်ပြီးရင် ကျန်တဲ့မြို့နယ်တွေမှာလည်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်သွားပေးဖို့ရှိပါတယ်" ဟု Plan International Myanmar မှ စီမံကိန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ် ဆောင်ရွက်သည့် လှိုင်သာယာ အထက (၂) တွင် ကျောင်းသား ၁၅၇၉ ဦး၊ ကျောင်းသူ ၁၇၄၃ ဦး၊ ဆရာ ၁၂ ဦး၊ ဆရာမ ၉၅ ဦး စုစုပေါင်း ၃၄၂၉ ဦးရှိပြီး ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်သည့် ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်ကို Plan International Myanmar အဖွဲ့ကြီးနှင့်အတူ သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအသီးသီးတို့က ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများစီမံချက် အကောင်အထည်ဖော်လျက်ရှိရာတွင် Plan International Myanmar အဖွဲ့အစည်းက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန စသည့်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဝဝ၁၊ ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်(ရွှေဈေး) ၈၇၃၀၀၀ - ၈၇၃၀၀၀၊ မန္တလေး(ရွှေဈေး) ၈၇၃၀၀၀ - ၈၇၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**၂၃-၁-၂၀၁၇ ရက်နေ့မှ ၂၇-၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၉၃ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၃ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၄. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၁၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၃၅၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၉၀၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၆. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၀. ၀၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# အရက်၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၃၁**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်း ၁၀ ကျောင်းရှိ ကျောင်းသားများ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးအတွက် ပညာပေးရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြမည့် မူးယစ်ဗဟို AHEAD နှင့် Teams and Dream တို့မှ စေတနာ့ဝန်ထမ်းလူငယ် မောင်မယ်များသည် မူးယစ်အထူးရဲတပ်ဖွဲ့ဝင်များနှင့်အတူ အဖွဲ့ငါးဖွဲ့ခွဲပြီး ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှစတင်၍ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းများကို ကျောင်းအသီးသီးတွင် နံရံကပ်ပိုစတာများကပ်၍ အသိပေးခြင်း၊ အပြန်အလှန်ပညာပေးဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါပညာပေးဟောပြောဆွေးနွေးမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

# လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဇန်နဝါရီ ၃၁

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ လူမှုရေးရာအတွင်းရေးမှူး ဦးရှိုးမွန်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဇန်နဝါရီ ၃၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် ကြည့်ရှုအားပေးနေသော မိဘပြည်သူ မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား။**

ယခုလို မိမိတို့ရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်တွေကို စည်းရုံးဟောပြောထုတ်လွှင့်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော့်နာမည်ကတော့ ဦးရှိုးမွန်လို့ခေါ်ပါတယ်။ 'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ' ဗဟိုဌာနချုပ်ရဲ့ လူမှုရေးရာအတွင်းရေးမှူး ဖြစ်ပါတယ်။

'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ'သည် လားဟူတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီးတော့ လားဟူတိုင်းရင်းသားများရဲ့ လိုအပ်တဲ့အရာများ၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို ဥပဒေနဲ့အညီအရယူသွားဖို့ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ 'လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ' အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်တွင်လည်းကောင်း (၂) နေရာမှာ အရွေးခံသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ 'လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ'ရဲ့ မူဝါဒ သဘောထားများမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် တည်ဆောက်ရာမှာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီအနေနဲ့ ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်ရာတွင် လားဟူအမျိုးသားများ နေထိုင်ရာဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ စည်းလုံးညီညွတ်မှု အင်အားရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ဖို့ 'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ'ကို ဖွဲ့စည်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ 'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ'ကို လားဟူဘာသာဖြင့် (လားဟူချောကျုအုလာ မူလာတုပါတီ)ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟူ၍လည်းကောင်း ခေါ်ဆိုပါတယ်။

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ရည်ရွယ်ချက်မှာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေးအခွန့်ရှည်ရေး စသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။

(၂) လားဟူတိုင်းရင်းသားလူမျိုးစုရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာဖွံ့ဖြိုးတိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။

(၃) နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖော်ဆောင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

(၄) ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာ ဒေသ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။

(၅) နိုင်ငံတော်နှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများမှ အကျိုးရှိမည့်အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များကို ရယူကျင့်သုံးအကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**'လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ'၏ ရှေ့လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများ နေထိုင်ရာဒေသအတွင်းရှိ နယ်သူနယ်သားများအား နိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေရန်နှင့် မိမိတို့နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲ တိုးတက်ရှင်သန်လာစေရန်အတွက် စည်းရုံးလေ့ကျင့်ပြုစုပျိုးထောင်သွားမည်။

(၂) တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသဖော်ဆောင်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို စွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်း လုပ်ဆောင်သွားမည်။

(၃) မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အတွေးအခေါ် အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာ ဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။



(၄) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူ နယ်သားများက ဘိုးဘေးဘီဘင်အစဉ်အလာဖြင့် အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပပျောက်သွားစေရန်နှင့် ဘိန်းအစား ပြည်တွင်းပြည်ပသို့ တင်ပို့ နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည်။

(၅) လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။

(၆) လားဟူ တိုင်းရင်းသားလူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအနုပညာများကိုဖော်ထုတ်ပြီး လူမှုရေးအရေးအရာများကို တိုးတက်ဆန်းသစ်ရှင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။

(၇) အရပ်ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် လူတိုင်းအခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

ကလေးသူငယ်များအရေးနှင့် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍကိုလည်း အလေးအနက်ထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း 'လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ'ရဲ့ မူဝါဒ၊ သဘောထားနဲ့ လုပ်ငန်းစဉ်များကို စည်းရုံးဟောပြောရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား. . . .။

# စာတွေ့ကိုအခြေခံ၍ လက်တွေ့နှင့်ပေါင်းစပ်ကာ ဘဝတွင်အကျိုးပြုရန် ပြပွဲတစ်ရပ်ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့ကိုအခြေခံ၍ လက်တွေ့နှင့်ပေါင်းစပ်ကာ ဘဝတွင် အကျိုးပြုစေရန်အတွက် ဝိဇ္ဇာနှင့်သိပ္ပံပြပွဲ (Art & Science Fair 2017) ကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBC ကျောင်းအားကစားရုံ၌ ကျင်းပသည်။

"သင်ခန်းစာတွေရဲ့ သီအိုရီတင်မကဘဲ လက်တွေ့နဲ့ ပေါင်းစပ်လုပ်ဆောင်တဲ့အခါကျတော့ ပိုပြီးတော့လည်း ကျက်ရ၊ မှတ်ရလွယ်ကူစေတယ်။ ပိုပြီးခေါင်းထဲစွဲစေတာဖြစ်သလို စိတ်ဝင်စားမှုလည်း ပိုလာစေပါတယ်။ ဒီကလေးတွေဟာ အနာဂတ်ကာလမှာ စီးပွားရေးလုပ်ငန်းတွေလုပ်ဆောင်ကြတဲ့အခါ ဒီနေ့ရရှိလာတဲ့ အတွေးအခေါ် အတွေ့အကြုံတွေနဲ့ စက်မှုအတတ်ပညာကို အသုံးချရင်း တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာကနေ အကျိုးပြုစေမှာ ဖြစ်ပါတယ်"ဟု ယင်းကျောင်း၏ ရူပဗေဒဌာနမှူး ဒေါက်တာအေးသိဂီခိုင်က ပြောသည်။

အဆိုပါပြပွဲသည် (၁၁)ကြိမ်မြောက်ကျင်းပခြင်းလည်းဖြစ်ပြီး ပြပွဲ၏အနှစ်သာရမှာ ကျောင်းနေစဉ်ကာလ လေ့လာခဲ့သည့် သင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန်အတွက်လည်းဖြစ်သည်။ ထိုပြပွဲသည် ကျောင်းသား ကျောင်းသူများ ဝိဇ္ဇာသိပ္ပံပညာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန် ရည်ရွယ်ခြင်း၊ ပညာရပ်အသီးသီးကို လက်တွေ့အကောင်အထည်ဖော်ရာတွင် စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေခြင်း၊ ပညာရပ်အသီးသီးကို လေ့လာရာတွင် စာတွေ့အပြင် လက်တွေ့နှင့် ပူးတွဲလေ့ကျင့်မှသာ အောင်မြင်နိုင်မည်ဟုယုံကြည်ခြင်း၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကို အခြေခံ၍ ကောင်းသည်ထက်ကောင်းအောင် တီထွင်ကြံဆစေလိုခြင်း၊ ကျောင်းသားတို့၏ အနာဂတ်စီးပွားရေး၊ ရွေးချယ်မှုများတွင် စက်မှုအတတ်ပညာအသုံးချကာ စီးပွားရေးရွေးချယ်မှုများရရှိစေရန် ရည်ရွယ်ခြင်း အစရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းလည်းဖြစ်သည်။

ထိုကျောင်း၏ ပထဝီဌာနမှူး ဆရာဦးတင်မောင်ညွန့်က "မနှစ်ကနဲ့မတူတဲ့ ပြကွက်တွေကို ဒီနှစ်မှာ ပြသထားပါတယ်။ တိုင်းပြည်တစ်ခုရဲ့ လူဦးရေနဲ့ အရေးပါပုံကို တွက်ချက်တဲ့ဟာတွေရယ်၊ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ဟာတွေဆိုရင် ဒီနှစ်မှာ မြေငလျင်နဲ့ပတ်သက်တဲ့အသိပညာပေးမှုကိုလည်း ပြသထားပါတယ်။ မြေငလျင်ဆိုတာက လှုပ်မယ့်အချိန်ကိုကြိုမသိပေမယ့် ဘယ်နေရာမှာလှုပ်နိုင်တယ် ဆိုတဲ့ဟာတွေကို အသိပညာရဖို့ရယ်၊ ကမ္ဘာမှာ ကြီးကြီးမားမား လှုပ်ခဲ့ဖူးတဲ့ ငလျင်ကြီးတွေရယ်၊ မြန်မာနိုင်ငံမှာလည်း လှုပ်ခဲ့တဲ့ငလျင်တွေကိုလည်း ပညာပေးပြသထားတယ်"ဟု ရှင်းပြသည်။ သိပ္ပံပညာရပ်ပြပွဲတွင် ယခုနှစ်တွင် ပြကွက်များ ပိုမိုပြသပေးမှုရှိလာပြီး ကျောင်းသား ကျောင်းသူများ၏ ပြခန်းပေါင်း ၁၈၅ ခန်း ပြုလုပ်ထားလျက်ရှိသည်။ ယခုနောက်ပိုင်းတွင် သိပ္ပံပညာရပ်ကို စိတ်ဝင်စားသူများပြားလာပြီး ရူပဗေဒဆိုင်ရာပြကွက် ၂၁ ခု လောက်မှာပင် ကူညီပေးသည့်သူမှာ ၉၆ ယောက် အထိပင်ရှိနေကြောင်း၊ စွမ်းအင်ဆိုင်ရာ ပြကွက်များ၊ ခိုးယူမှုပြုလုပ်သည့်အခါ အချက်ပေးသည့် ပြကွက်များမှာလည်း စိတ်ဝင်စားမှုများပြားခဲ့သလို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြကွက်များ၊ မြို့ပြနှင့်ဆိုင်သော ပြကွက်များမှာလည်း စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။

ထိုကျောင်းတွင် KG တန်းမှစ၍ Lower Primary၊ Upper Primary၊ Lower Secondary၊ Upper Secondary စသည့် အတန်းအသီးသီးတွင် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူပေါင်း ၂၀၀၀ ဝန်းကျင်ရှိနေကြောင်း သိရသည်။ **(စနိုး)**

# လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ရှင်းလင်းဆွေးနွေး

**ကျိုက်မရော ဇန်နဝါရီ ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှု သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီလုပ်ငန်းပြီးစီးနိုင်ရေး အခြေအနေများအား ရှင်းလင်းတင်ပြသည့်အစည်းအဝေးကို ဇန်နဝါရီ ၂၅ ရက်က ကျိုက်မရောမြို့ ရွှေဟသာခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်ဦးစီးမှူးဦးသူရလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ **(ကြေးမုံ)**

## စာအုပ်စာပေ လှူမိတ်ဆွေ

# လာဘ်ငွေများလက်ခံရယူခဲ့သည့် မွန်ပြည်နယ်၊ ရေးမြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲ အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ်၊ ရေးမြို့နယ်တွင် ကန်တာယာဉ် တိမ်းမှောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်က ငွေတောင်းခံခြင်းနှင့် မတရားအမှုဆင် တရားစွဲဆိုခြင်းအား အရေးယူပေးပါရန် နစ်နာသူမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ်၊ ရေးမြို့၊ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်သည် အမှုစစ်ရဲအရာရှိ၏ လုပ်ပိုင်ခွင့်ကိုအသုံးပြုလျက် စွပ်စွဲခံရသူ ဦးအောင်ကျော်မျိုးကို အမှုဖွင့်ဖမ်းဆီးချုပ်နှောင်၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် အာမခံရရှိရန်အတွက် ငွေကျပ် သုံးသိန်းနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် အမှုကိစ္စအတွက် ငွေကျပ် ငါးသိန်းတို့ကို တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မွန်ပြည်နယ်၊ ရေးမြို့၊ မြို့မရဲစခန်း အမှုစစ်အရာရှိ ရဲအုပ်ကျော်သက်ခိုင်ကို ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မွန်ပြည်နယ်တရားလွှတ်တော်တွင် ဇန်နဝါရီလ ၃၀ ရက်နေ့က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ သဘောကန်ကျေးရွာ အုပ်စုအတွင်းရှိ ဖိုးထောင့် ကမ်းနားဂျိုင်တွင် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက အလျားပေ ၃၀ နီးပါးခန့်ရှိသော ဝေလငါးအသေတစ်ကောင်ကို တွေ့ရှိရစဉ်။
ကိုကိုမောင် (ပြန်/ဆက်)

# မန္တလေးမြို့ အထက (၁၆)ရှေ့၌ မူခင်းကျဆင်းရေးအသိပညာပေး အစီအစဉ်ပြုလုပ်

**မန္တလေး ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေးခြင်း လှည့်လည်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၈) လမ်းနှင့် (၆၈)လမ်းထောင့်ရှိ အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင်ပြုလုပ်သည်။

ပြခန်းတွင် အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မှုခင်းဖော်ထုတ်ဖမ်းဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲနှင့် မန္တလေး အမှတ် (၁၄) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲတို့၏ မန္တလေးမြို့ ယာဉ်မတော်တဆမှုဖြစ်ပွားရာမှ ဒဏ်ရာရ သေဆုံးမှုမှတ်တမ်းဓာတ်ပုံများ၊ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများအပါအဝင် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ပေးဝေခြင်းနှင့် သိလိုသည်များကို ရှင်းလင်းတင်ပြခြင်းများပြုလုပ်ကြောင်း သိရသည်။



**(၀၀၂)**

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရပ်ကွက် စကားဝါလမ်း ခြံအမှတ်(၄၀၂) ပါဝါဝင်းကုမ္ပဏီပိုင် ခြံဝင်းအတွင်းမှ ကုန်သေတ္တာ ၁၆ လုံးအတွင်း ထည့်သွင်းထားသည့် တရားမဝင် ပိတောက်စကွဲယား ခန့်မှန်း ၃၇၅ တန်ခန့်၊ တမလန်းစကွဲယားခန့်မှန်း တန် ၂၀ ခန့် စုစုပေါင်း ၃၉၅ တန်ခန့်နှင့်အတူ ကုန်သေတ္တာသယ်ဆောင်သည့် ၁၀ ဘီးယာဉ် ခြောက်စီး၊ ယာဉ်ခုနစ်စီး၊ ပိုင်ရိုက် စက်သုံးလုံး၊ ကုန်သေတ္တာအလွတ် ရှစ်လုံး၊ သက်ဆိုင်သူတစ်ဦးတို့အား ဖမ်းဆီးရမိသည်။ ဖမ်းဆီးရမိသည့် တရားမဝင်သစ်များအား အသေးစိတ်တိုင်းတာလျက်ရှိပြီး သစ်တောဥပဒေ ပုဒ်မ ၄၂(ခ) ဖြင့် မင်္ဂလာဒုံမြို့နယ် တရားရုံးတွင် တရားစွဲ ဆောင်ရွက်မည်ဖြစ်သည်။



ဖမ်းဆီးရမိခဲ့သော တရားမဝင်သစ်များနှင့် ပတ်သက်၍ သတင်းကွင်းဆက် ဖော်ထုတ်ရရှိချက်အရ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များသည် ဥပဒေနှင့်အညီ ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန် Ruby Lion Manufacturing Co.,ltd. ပိုင် ဦးထွန်းညိုလမ်း ခြံအမှတ် (၁၆/၆၄) နှင့် (၁၇၀) တို့ရှိ ဂိုဒေါင်နှစ်လုံးအတွင်း ဇန်နဝါရီ၃၁ ရက် နံနက် ၁၀ နာရီတွင် ရှာဖွေခဲ့ရာ တရားမဝင် ပိတောက်သစ် စကွဲယားတုံး တန် ၂၈၀ ခန့်နှင့် တရားဝင်မှု စိစစ်ဆဲ တမလန်းသစ် ဘုံတို သုံးတန်ခန့်ကို သိမ်းဆည်းရမိပြီး တရားမဝင်သစ် ပိုင်ရှင်နှင့် ဆက်စပ်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ကျေးလက်ဆက်သွယ်ရေး မြေသားလမ်း ကိုယ့်အားကိုယ်ကိုး စုပေါင်းလမ်းခင်း

**ဖြူး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးအရှေ့ဘက် ခြောက်မိုင်ကွာရှိ ငါးခေါင်းအင်းကျေးရွာအုပ်စု ကရင်ရွာနှင့် ဖြူးမြို့သို့ ဆက်သွယ်သော ကရင်ရွာမှ ပဒတ်ခင်ရွာသို့ ဆက်သွယ်လာသော အရှည်နှစ်မိုင်၊ အကျယ်၁၀ ပေရှိလမ်းကို ကျေးရွာပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး စုပေါင်းကျောက်ရောမြေဖို့ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီမှစ၍ ရွာသူ ရွာသား ၁၅၀ ကျော်တို့က စုပေါင်းလမ်းခင်းမြေဖို့ လုပ်အားပေးဆောင်ရွက်ကြသည်။

အဆိုပါလမ်းကို ကျေးရွာပြည်သူများ၏ စေတနာဖြင့် ထည့်ဝင်သော ငွေကြေးများဖြင့် ကျောက်ရောမြေကား အစီးရေ ၁၅၀ ခန့်ဖြင့် အပြီးမြေဖို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးညိုဝင်းထံမှ သိရသည်။

**(ဖြူးမြင့်ဦး)**

# ဓာတ်ပုံနှင့်ဗီဒီယိုတည်းဖြတ်သင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးခွဲ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပသော ဓာတ်ပုံနှင့်ဗီဒီယို တည်းဖြတ်သင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဇော်နောင်၊ ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးရဲမင်းကျော်နှင့် National Communication Specialist ဦးနေမျိုးကျော်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၈ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မင်းတပ် ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် မင်းတပ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီက ရွှေနှလုံးတော်ဘုရားကျောင်း၌ ကျင်းပသည်။

မင်းတပ်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတီးထန်းက မီးဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပွင့်လင်းရာသီရောက်ရှိလာ၍ ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သတိပြုနိုင်ရေး၊ လိုက်နာရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောပေးခဲ့ကြောင်း သိရသည်။

**ဂေဇေ(IPRD)**

# ခမောက်ကြီးမြို့ (၃၈) မိုင် ယုဇနဆီအုန်းကုမ္ပဏီ ဝန်ထမ်းအိမ်ရာ မီးလောင်မှုဖြစ်ပွား

**ခမောက်ကြီး ဇန်နဝါရီ ၃၁**

ခမောက်ကြီးမြို့နယ် ယုဇနဆီအုန်းကုမ္ပဏီစီမံကိန်းဒါရိုက်တာ ဦးအန်ဘန်း (၆၃)နှစ်၏ နေအိမ် အလျား ပေ ၅၀၊ အနံ ပေ ၄၀ အုတ်တိုက်၊ သွပ်မိုး၊ လုံးချင်းတိုက်တွင် ဝိုင်ယာရှော့ဖြစ်ပြီး ယနေ့နံနက် ၃ နာရီတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အိမ်ရှင်ဦးအန်ဘန်းမှာ လတ်တလောနေထိုင်ခြင်းမရှိဘဲ ကုမ္ပဏီလုပ်ငန်းကိစ္စဖြင့် ရန်ကုန်သို့ခရီးသွားနေပြီး ငွေဖြိုး (၂၇) နှစ် ယုဇနမော်တော်ယာဉ်ရုံးအဖွဲ့ (၃၈) မိုင်နေသူအား အိမ်စောင့်အဖြစ် ထားရှိခဲ့စဉ် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်ရာသို့ ခမောက်ကြီးမီးသတ်တပ်ဖွဲ့၊ ကော့သောင်းခရိုင်မီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများနှင့်၊ ယုဇနဆီအုန်းလုပ်သားတို့ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၄ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ငွေဖြိုးအား ခမောက်ကြီးရဲစခန်းက အမှုဖွင့်အရေးယူစိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**



# ပါယက်မှားခဲ့သလား

ရွှင်ယန်ဟေဒင်









ပါယက်က လန်ဒန်မြို့ကနေ ပြင်သစ်နိုင်ငံတောင်ပိုင်း မာဆေးလ်မြို့ကို သီးသန့်လေယာဉ်နဲ့ သွားရောက်ပြီး ဆေးစစ်မှုခံယူ၊ လေးနှစ်ခွဲစာချုပ် လက်မှတ်ရေးထိုးစတဲ့ လုပ်ငန်းစဉ်တွေကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပြီး နောက် ဝက်စ်ဟမ်းအသင်းကို ကျောခိုင်းခဲ့ပါတယ်။ ဝက်စ်ဟမ်းအသင်းက ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ပါယက်ကို မာဆေးလ်ကနေ ပေါင် ၁၀ ဒသမ ၇ သန်းနဲ့ ဝယ်ယူခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ပေါင်၂၅ သန်းနဲ့ ပြန်ထုတ်ရောင်းခဲ့တာကြောင့် တစ်နှစ်ကျော် အတွင်းပေါင် ၁၃ သန်းကျော် အမြတ်အစွန်းရရှိခဲ့ပါတယ်။

ပါယက်က မာဆေးလ်အသင်းကို ပေါင်၂၅ သန်းနဲ့ ပြောင်းရွှေ့သွားပြီးနောက် ဝက်စ်ဟမ်းနည်းပြ ဘီလစ်က ဒီကိစ္စရပ်အပေါ် မှား၏၊ မှန်၏ သူအဖြေထုတ်မှာ မဟုတ်ဘူးလို့ ခပ်ပြတ်ပြတ်ပဲ တုံ့ပြန်ခဲ့ပါတယ်။ ပါယက်ကတော့ သူဟာ ရည်ရွယ်ထားတဲ့အတိုင်းဆောင်ရွက်ခဲ့တာဖြစ်ပြီး ဒီအတွက် အကောင်းအဆိုးကို ပြန်လည်ဆန်းစစ်မှာ မဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။ ဒ့ါအပြင် ပါယက်က ဝက်စ်ဟမ်း ပရိသတ်တွေနောက်ပိုင်း သူ့အပေါ် ဘယ်လိုပင် တုံ့ပြန်ပါစေ၊ ကလပ်အသင်းအပေါ် ချစ်ခင်စိတ်အပြည့်နဲ့ အားပေးတာကိုတော့ အမြဲသတိရနေမှာဖြစ်တယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

တွဲဖက်အသင်းပိုင်းရှင် ဒေးဗစ်ဆူလီဘန်က ပါယက်ရဲ့ လုပ်ရပ်အတွက် အစောပိုင်းက ဒေါသထွက်ခဲ့ပေမယ့် ခုတော့ ပါယက်ကို အသင်းတာဝန်ရှိသူတွေက အလိုရှိခဲ့ကြပေမယ့် အသင်းဖော်တွေကတော့ ထွက်ခွာသွားစေချင်ခဲ့ကြတယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။ ဆူလီဘန်က "သူ(ပါယက်)ကဘယ်အသင်းဖော်ကိုမှ စကားမပြောခဲ့ရဘူး။ အခန်းထောင့်မှာ တစ်ယောက်တည်း အထီးကျန်စွာ ထိုင်နေရပါတယ်။ သူက ပွဲတစ်ပွဲမစတင်မီ အသင်းဖော်တွေကို ရွှင်ရွှင်လန်းလန်းနဲ့ လက်ဆွဲနှုတ်ဆက်တာမျိုး၊ ဆပ်ပြာပူဖောင်းတွေနဲ့ လိုက်စတာမျိုး လုပ်ခဲ့ပေမယ့် ဘာတုံ့ပြန်မှုမှ မရခဲ့ပါဘူး။ အားလုံးက သူ့ကို အသင်းကနေ ထွက်သွားစေချင်ကြတယ်။ နည်းပြကလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ကတော့ အသင်းသားတွေ စုစုစည်းစည်းနဲ့ ဖြစ်တာကို မြင်ချင်ကြသလို သူ့ကိုလည်း အသင်းမှာ ဆက်ရှိနေစေချင်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုသုံးပွင့်ဆိုင်ပြောကြားခဲ့တာကို ထောက်ရှုရင် အမှားတွေ အကုန်လုံး ပါယက်တစ်ယောက်တည်း ကျူးလွန်ခဲ့တာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

ဝက်စ်ဟမ်းအသင်း တန်းဆင်းဇုန်နဲ့ နီးကပ်နေချိန်မှာ ပါယက်ကအသင်းကို မကူညီဘဲ အသင်းပြောင်းဖို့ ကြိုးပမ်းခဲ့တာကြောင့် ပရိသတ်တွေက ဒေါသထွက်ပြီး ပါယက် ငှားနေတဲ့အိမ်ကို ကြက်ဥတွေနဲ့ သွားရောက်ပစ်ပေါက်ခဲ့ကြတဲ့နောက် ပါယက်ကလည်း ဝက်စ်ဟမ်းအတွက် ဝင်ရောက်ကစားပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ ပါယက်ကို ခေါ်ယူလိုတယ်လို့ လေသံပစ်ခဲ့ကြတဲ့ သူတွေထဲမှာ မန်ယူနည်းပြ မော်ရင်ဟို၊ အာဆင်နယ်နည်းပြ ဝင်းဂါးတို့လည်း အစောပိုင်းက ပါဝင်ခဲ့ကြပြီး ပါယက်ကတော့ မိသားစုအရေးကိစ္စကြောင့် မိခင်နိုင်ငံကလပ် မာဆေးလ်ကိုသာ ပြောင်းရွှေ့ဖို့ တစိုက်မတ်မတ်ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက် ပရိသတ်တွေက ပိုဒေါသထွက်လာကြပြီး ပါယက်ရဲ့ ဂျာစီကို မီးရှို့တာ၊ ခြေနှင်းတာတွေလုပ်ခဲ့သလို ပါယက်ရဲ့ ရုပ်ပုံကို မှုတ်ဆေးတွေနဲ့ ဖျက်ဆီးဖို့ ကြိုးစားခဲ့ကြပြန်တာကြောင့် အဲဒီပုံရှေ့မှာ ၂၄ နာရီ လုံခြုံရေးချထားခဲ့ရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ပါယက်ကိုယ်တိုင်လည်း ဝက်စ်ဟမ်းအသင်းကြီးနဲ့ လေ့ကျင့်ခွင့်တောင် မရတော့ဘဲ အသက်(၂၃)နှစ်အောက် လူငယ်အသင်းနဲ့ သွားရောက်လေ့ကျင့်ခဲ့ရတဲ့အထိ ဒဏ်ပေးခံခဲ့ရပါတယ်။ ဒါကြောင့်လည်း ပါယက်ရဲ့ ဇနီးဖြစ်သူက ပါယက်ကို ဝက်စ်ဟမ်းအသင်းက ထွက်ခွာဖို့ အကုန်လုံးက ဝိုင်းပြီး ဖိအားပေးနေတယ်လို့ စွပ်စွဲခဲ့တာဖြစ်ပါတယ်။

ပါယက် တစ်ယောက် ဝက်ဟမ်းကနေ မာဆေးလ်ကိုပြောင်းရွှေ့သွားပြီးတာတောင် နောက်ဆက်တွဲကိစ္စရပ်တွေ အခုထိ ပြီးပြတ်သွားခြင်းမရှိသေးတာကိုတွေ့ရပါတယ်။ ဝက်စ်ဟမ်းအသင်းက ကွင်းအပြင်ဘက် ရေးဆွဲထားတဲ့ ပါယက်ရဲ့ ရုပ်ပုံနေရာမှာ တိုက်စစ်မှူး အန်ဒီကာရိုးရဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းဘက်ကို ဂိုးသွင်းယူခဲ့တဲ့ ပုံနဲ့ အစားထိုးသွားမယ့်အပြင် ကွင်းတွင်း မျက်နှာကျက်မှာ ရေးထိုးထားတဲ့ ကျောနံပါတ် ၂၇ နဲ့ ပါယက်ရဲ့ နာမည်တို့ကိုပါ ဖယ်ရှားပစ်ဖို့ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဝက်စ်ဟမ်းတာဝန်ရှိသူတွေကတော့ ပရိသတ်တွေ ဖျက်ဆီးဖို့ ကြိုးစားနေတဲ့ ဒီပုံရိပ်ကို ကလပ်အသင်းက အရင်ဖျက်ပြီး အဓိကကစားသမားတစ်ဦးရဲ့ ပုံရိပ်နဲ့ အစားထိုးတာက ကောင်းမွန်တဲ့ လုပ်ဆောင်ချက်ဖြစ်လာလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။ ဒ့ါအပြင် ပရိသတ်တွေက ပါယက်ရဲ့ ဂျာစီဝယ်ယူခဲ့မိလို့ ပေါင် ၆၀ ကုန်ကျခဲ့ကြတဲ့အပေါ် စောဒက တက်ခဲ့ကြသေးတာကြောင့် ဝက်စ်ဟမ်း အသင်း ဒါရိုက်တာ လေဒီဘရက်ဒီက ပါယက်ရဲ့ ဂျာစီကို ပြန်ယူလာပြီး ၂၅ ပေါင် ထပ်ပေးရင် ကြိုက်တဲ့ ကစားသမားရဲ့ ဂျာစီကို လဲလှယ်ပေးမယ်ဆိုတဲ့ အစီအစဉ်ကို သူ့ရဲ့ တွစ်တာစာမျက်နှာကတစ်ဆင့် အတည်ပြုကြေညာခဲ့ပါတယ်။ ဒီအစဉ်ကို ဝက်စ်ဟမ်း ပရိသတ်တော်တော်များများကလည်း ကြိုဆိုခဲ့ပြီး ပါယက်နဲ့ ပတ်သက်သမျှ အစအနတွေအားလုံးကို ရှင်းထုတ်ဖို့ အသင်းတာဝန်ရှိသူတွေနဲ့ ပရိသတ်တွေက ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။

ဇန်နဝါရီလအတွင်း ပါယက်ဟာ ဝက်စ်ဟမ်းအတွက် တစ်ပွဲမျှဝင်ရောက် ကစားပေးခဲ့ခြင်းမရှိခဲ့တာကြောင့် သူရရှိခဲ့တဲ့ လုပ်ခလစာ ပေါင် ၅၀၀၀၀၀ ကို ပြန်ပေးဖို့တောင် ဖိအားပေးခံနေရပါတယ်။ သူက ပရီမီယာလိဂ်အသင်းတွေရဲ့ ပျမ်းမျှလုပ်ခလစာက ပြင်သစ်ပထမတန်းအသင်းတွေရဲ့ လုပ်ခလစာထက် သုံးဆ လောက်များတာကြောင့် သူငွေမက်လို့ အသင်းပြောင်းတာ မဟုတ်ဘူးလို့ သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်း ရှင်းလင်းခဲ့ပါတယ်။ ဝက်စ်ဟမ်းပရိသတ်တွေ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ကြွေးကြော်ခဲ့ကြတဲ့ " ပါယက်ကို ပိုင်ဆိုင်တဲ့ ဝက်စ်ဟမ်းအသင်း ကံကောင်းတယ်။ ဇီဒန်းထက်ပိုကောင်းတဲ့ ပါယက်ဖြစ်တယ်" ဆိုတဲ့နေရာမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီတစ်လလုံး ပါယက်ဆန့်ကျင်ရေး စာသားပါသီချင်းတွေ ကြွေးကြော်သံတွေအဖြစ် ပြောင်းလဲလာခဲ့ပါတယ်။ ဒါကြောင့် ပါယက်က ဝက်စ်ဟမ်းတာဝန်ရှိသူတွေကို လေးစားမှု လျော့နည်းတဲ့ပုံစံနဲ့ မာဆေးလ်ကို ပြောင်းရွှေ့သွားပေမယ့် အသင်းပြောင်းသွားပြီးဖြစ်တာတောင် ပရိသတ်တွေ၊ တာဝန်ရှိသူတွေက အခုလို ခါးခါးသီးသီးလုပ်ဆောင်နေခဲ့တာကို ထောက်ရှုလိုက်ရင် အခြေအနေတွေ အားလုံးမှာ ပါယက်တစ်ယောက်တည်း မှားခဲ့တာ မဟုတ်ဘူးဆိုတာကို ထင်ထင်ရှားရှား မြင်တွေ့ရမှာ ဖြစ်ပါတယ်။

## လက်ရှိအာဆင်နယ်တိုက်စစ်ကစားသမားငါးဦးမှာ ကလပ်အသင်း၏ ထာဝရအကောင်းဆုံး တိုက်စစ်အတွဲဟု ဝင်းဂါးယုံကြည်




အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်အသင်းအနေဖြင့် ယခုလောက်ကောင်းမွန်သည့် တိုက်စစ်အင်အားမျိုး မည်သည့်အခါကမျှ ပိုင်ဆိုင်ခဲ့ဖူးခြင်းမရှိဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ကာလရှည် အနားယူနေရသူ တိုက်စစ်မှူး ဝဲလ်ဘတ် ပြန်လည်ဝင်ရောက်ကစားလာနိုင်ပြီးနောက် အာဆင်နယ်တိုက်စစ်ပိုင်းပိုမို အင်ပြည့်အားပြည့် ဖြစ်လာပြီဖြစ်ရာ ဝင်းဂါးက အာဆင်နယ်၏ အကောင်းဆုံး တိုက်စစ်အတွဲအဖြစ် အများက လက်ခံထားသည့် ဗန်ပါစီ- အွန်နရီ- ဘားကမ့်တိုက်စစ်အတွဲမှာ လက်ရှိအာဆင်နယ်၏ တိုက်စစ်အင်အားကို လိုက်မှီခြင်းမရှိဟု ယုံကြည်သည်။ ဝင်းဂါးက တိုက်စစ်ကစားသမားတိုင်း ဂိုးမြောက်မြားစွာ သွင်းယူနိုင်သည့် ယခုတိုက်စစ်လောက် အစဉ်အဆက် မည်သည့် အာဆင်နယ်တိုက်စစ်မျှ ကောင်းမွန်ခြင်းမရှိခဲ့ဟု ပြောကြားခဲ့သည်။

ဝင်းဂါးက "အရည်အသွေးမြင့် တိုက်စစ်ကစားသမားတွေ အများအပြားရှိနေတဲ့ အခုတိုက်စစ်လောက် ကောင်းမွန်တဲ့ အင်အားမျိုး မရှိခဲ့ဖူးပါဘူး။ ကျွန်တော်တို့အရင်က ဘားကမ့်၊ အွန်နရီ၊ ဗန်ပါစီနဲ့ ဝီလ်တော့တို့လို တိုက်စစ်အင်အားကို ပိုင်ဆိုင်ဖူးတယ်။ ဒါလည်းပဲ မဆိုးပါဘူး။ ဒါပေမယ့် ဆောက်သမ်တန်နဲ့ပွဲမှာ အိုဇေးလ်နဲ့ ဂီရော့ဒ် မပါဘူး။ ဆန်းချက်ဇ်ကလည်း လူစားဝင်ကစားသမားအနေနဲ့သာ ပါဝင်ခဲ့တာတောင် ငါးဂိုးသွင်းနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့သည်။

သို့သော် ယခင်အွန်နရီလက်ထက် တိုက်စစ်ပိုင်းမှာ ၁၀၄ မိနစ် ပျမ်းမျှတစ်ဂိုး သွင်းယူနိုင်ပြီး ယခု တိုက်စစ်ပိုင်းသည် မိနစ် ၁၃၀ကစားပြီးမှသာ သွင်းဂိုးတစ်ဂိုး ရယူနိုင်သည်။ သို့သော် ဝင်းဂါးကမူ ယခုတိုက်စစ်ပိုင်းသည် အဓိက ကစားသမား၊ လူစားဝင်ကစားသမားဟူ၍ ခွဲခြားလို့မရနိုင်အောင်ပင် တိုက်စစ်ကစားသမားများအားလုံး ဂိုးသွင်းစွမ်းရည်ရှိကြကြောင်းကို ဆောက်သမ်တန်အားရင်ဆိုင်ခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် အထင်အရှား မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ဥပမာ ပေးပြောကြားခဲ့သည်။ ဆက်လက်၍ ဝင်းဂါးကကပင် လက်ရှိတိုက်စစ်ကစားသမား ငါးဦးဖြင့်ပင် လုံလောက်သောကြောင့် တိုက်စစ်ကစားသမား ထပ်ခေါ်မည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

အာဆင်နယ်သည် ယခုနှစ်ရာသီတွင် လက်ကျန်ပွဲစဉ် ၁၉ ပွဲအနည်းဆုံးကစားရန် ကျန်ရှိချိန် ပြိုင်ပွဲအရပ်ရပ်၌ ၈၁ ဂိုးအထိ သွင်းယူထားနိုင်ပြီးဖြစ်ရာ ရာသီကုန်အထိဆိုလျှင် ၁၂၇ ဂိုးအထိ သွင်းယူနိုင်မည်ဟု ခန့်မှန်းနိုင်သောကြောင့် အာဆင်နယ်အသင်း၏ စံချိန်တင် သွင်းဂိုးရရှိထားသည့် ၂၀၀၄ ခုနှစ် ၁၁၇ ဂိုးကို ကျော်ဖြတ်သွားရန် အလားအလာရှိနေပြီဖြစ်သည်။ **မေလှဲ့သင်း**

## ချယ်လ်ဆီး ရပ်တန့်လို့မရတဲ့ အသင်းဖြစ်လာပြီဟု စပါးနည်းပြ ပိုချက်တီနိုပြောကြား

ချယ်လ်ဆီးအနေဖြင့် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့နှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့လျှင် ချယ်လ်ဆီးအသင်း၏ ပရီမီယာလိဂ် ချန်ပီယံဆု ကိုင်မြှောက်ခွင့်ကို မည်သည့်အသင်းကမျှ တားဆီးနိုင်တော့မည်မဟုတ်ဟု စပါးနည်းပြ ပိုချက်တီနိုက ခန့်မှန်းချက်ထုတ်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ဇန်နဝါရီ ၃၁ ရက်တွင် လီဗာပူး၊ ဖေဖော်ဝါရီ ၄ ရက်တွင် အာဆင်နယ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ အကယ်၍ နှစ်ပွဲစလုံးတွင် ချယ်လ်ဆီးသာ အနိုင်ရပါက ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံပြိုင်ပွဲမှ ပြီးဆုံးသွားပြီဟု ပြောလို့ရကြောင်း ပိုချက်တီနိုက သုံးသပ်သည်။

ပိုချက်တီနိုက "တကယ်လို့ နှစ်ပွဲစလုံးမှာသာ ချယ်လ်ဆီးအနိုင်ရရင် သူတို့ကို ဘယ်အသင်းကမှ ရပ်တန့်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သေချာတာကတော့ ကျွန်တော်တို့ပွဲတိုင်းကို အနိုင်ယူပြီး အနိုင်သုံးမှတ်ရယူနိုင်ရင် ကျွန်တော်တို့အသင်းနဲ့ ချယ်လ်ဆီးအသင်းကြား အမှတ်ကွာဟမှုကို လျှော့ချနိုင်ပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။ **မေလှဲ့သင်း**

## ပေါင်သန်း ၄၀ အောက်နဲ့ ဒမ်ဘီလီကိုရဖို့ မစဉ်းစားနဲ့လို့ ချယ်လ်ဆီးကို ဆဲလ်တစ် သတိပေးလိုက်ပြီ

ချယ်လ်ဆီးနည်းပြ ကွန်တီက ဆဲလ်တစ်တိုက်စစ်မှူး ဒမ်ဘီလီကို ခေါ်ယူရန် ကြိုးစားနေသော်လည်း ဆဲလ်တစ်အသင်းကမူ ၎င်းတို့အသင်းတိုက်စစ်မှူးအတွက် ပေါင်သန်း ၄၀ အောက်လျော့နည်းသည့် မည်သည့်ကမ်းလှမ်းမှုကိုမျှ လက်ခံမည်မဟုတ်ကြောင်း သတိပေးမှုပြုလိုက်ပြီဖြစ်သည်။ ပြင်သစ်တိုက်စစ်မှူး ဒမ်ဘီလီသည် ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ဖူလ်ဟမ်အသင်းမှ ဆဲလ်တစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေး ဖြင့် ရောက်ရှိလာပြီးနောက် အကောင်းဆုံးခြေစွမ်းတစ်ရပ်ကိုပြသနိုင်ခဲ့သူဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် ဆဲလ်တစ်အသင်းအတွက် သွင်းဂိုး ၂၀ အထိ သွင်ယူထားနိုင်သလို ချန်ပီယံလိဂ်ပွဲစဉ်၌ မန်စီးတီးအသင်းဘက်သို့ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဒမ်ဘီလီကို ပရီမီယာလိဂ်အသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း ဒမ်ဘီလီကို ချိတ်ဆက်ခဲ့သော်လည်း ပေါင်သန်း၂၀ အထက် ပိုမိုပေးချေရန်ဆန္ဒမရှိခဲ့သောကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်ကပင် မာဆေးလ်လူငယ်တိုက်စစ်မှူး ဘက်ရှူအာရီအတွက် ပေါင်သန်း၃၀အသုံးပြုခဲ့ရာ ဒမ်ဘီလီအတွက် ပေါင်သန်း ၄၀ အသုံးပြုမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **မေလှဲ့သင်း**

**သီတာရွှေပြည်ဟိန်း စကျွဒါနဆေးရုံ ဖေဖော်ဝါရီလ ၁၁၊ ၁၂ (၇၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇန်နဝါရီလ ၂၈ ရက်တွင် စတင်လက်ခံ၍ ဖေဖော်ဝါရီလ ၁၁၊ ၁၂ ရက်များတွင် ၇၅-ကြိမ်မြောက် ဦးရေ (၉၅၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း၊ သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတာရွှေပြည်ဟိန်း စကျွဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေတင်း။ (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒမာသိရီလက်ခံ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ထွက်ပြီ
ဈေးနှုန်း ၂၅၀၀ိ/
ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
မြန်မာနိုင်ငံရူပဗေဒအသင်း
PHYSICS REVIEW
ရူပဗေဒစာစောင်
Chapter 1 to 13 ( All Chapters )
ဆက်သွယ်ရန် -
မြန်မာနိုင်ငံရူပဗေဒအသင်း
ဖုန်း ၀၉-၅၉၁ ၆၈၇ ၅၆၈
၀၉-၂၄၄ ၅၃၃ ၆၅၂
ကြိုတင် မှာကြား ဝယ်ယူနိုင်ပါသည်။
တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် ရူပဗေဒဘာသာရပ်ပြန်နွှားရေးစာစဉ်
ရူပဗေဒဘာသာ သင်ကြားနေသော ဆရာ၊ ဆရာမများ လက်ကိုင် ထားသင့်သော စာစောင် ဖြစ်ပါသည်။
ရှေ့ဝတီဘဏ်၊ မိုးကောင်း(ရန်ကင်း) Acc No. : 0132 20 20100 20832 KBZ Bank Acc No. : 127-302-12700396201 (ရန်ကင်း)

## [omwtoif
## aEoE'ieqrf;avmif;vlbl;urvm;

ဟသ်ာတအသင်းမှကြီးမှူး၍ နွေသံဃဒါနဆွမ်းလောင်းလှူပွဲကို ၁၉-၂-၂၀၁၇ရက်နှင့် ၂၀-၂-၂၀၁၇ရက်များတွင် ဇာတိမြေ ဟသ်ာတမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

၁၈-၂-၂၀၁၇ရက် နံနက် ၆နာရီတွင် ဟသ်ာတအသင်းတိုက်မှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ပြီး ၂၀-၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပါသည်။ လိုက်ပါလိုသူ အသင်းသူ/အသင်းသားများနှင့် ဟသ်ာတနွယ်ဖွားများသည် ဟသ်ာတဦးမြင့်ငွေ ဖုန်း-၀၁-၅၂၂၄၂၈၊ ဒေါ်ညွန့်ညွန့် ဖုန်း-၀၁-၂၄၅၃၉၅၊ အသင်းတိုက်ဖုန်း-၀၁-၃၉၈၇၁၆သို့ ၁၅-၂-၂၀၁၇ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟသ်ာတအသင်း(ရန်ကုန်)**

အာရှနဂါး
မြေတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ကျော်
PPTT မှ/ပြရာထူးဝင်ခွင့်တန်းခွဲသစ်
JO, စီမံကိန်းဒုဦးစီးမှူးနယ်စပ်စာရေး
Ph: 09421042332, 01-391533

ASIA KING 0943114301, 09420051117
+မန်းရွှေစက်တော်(ပွင့်ပွဲ)နှင့် လမ်းဘုရားစုံ Jan 30, Feb 3, 10, 17, 24
+မြတ်မော်တင်စွန်းဘုရားပွဲတော်(ပွင့်ပွဲ) Feb 10, 17, 21, 24,28
+အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ဦးပိန်တံတား(၃)ရက်
ဆက်၍-မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ ပါ(၅)ရက်။
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ ကက္ကူ၊ မိန်းမရဲ(၄)ရက်။
ဆက်၍-ကျိုင်တော်ပါ(၅)ရက်။ + ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(၃)ရက်။
+ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(၅)ရက်။
+ရွှေစက်တော်၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၇)ရက်။
+ရွှေစက်တော်၊ ပုဂံ၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် (၇)ရက်။
Hotel/ Guest House
Air-Con Bus Breakfast, Lunch, Dinner Discount
Group Tour/ Package Tour

## zcift rnfEf

မြောက်ဒဂုံမြို့နယ်၊ အထက (၃)၊ အဌမတန်း(D)မှ မောင်ဇင်မင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးသက်ပိုင်ထွန်း ဖြစ်ပါသည်။

## aymufqkHjcif;

မောင်မျိုးမင်းဦး၏ B.S.T (4 TICKET) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
Ph:09-788992268

## arwåm&yfcHaw;if;yef;cif;

ကျွန်တော်ဦးမောင်ထွန်းသည် ထွန်းနေပြည်တော်အမည်ဖြင့် စာစောင်ဂျာနယ်များတွင်လည်းကောင်း၊ သခင်ညိုမှိုင်း၊ ရာဇဘွား၊ နဂါးလေး အမည်များဖြင့် Facebook တွင်လည်းကောင်း မြို့မဈေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရေးသားခဲ့ပါသည်။

ယင်းသို့ရေးသားရာ၌ ဦးအောင်ကျော် မြတ်ပန်းတော်ဝင်ကုမ္ပဏီ (စပါယ်ရှယ်ဝမ်းစင်တာ)၊ ဦးသော်သော်(ခ) ဦးသူရဝင်း(သမာဓိကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)တို့၏ ဂုဏ်သိက္ခာများကို ထိခိုက်နစ်နာစေခဲ့ပါသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ၎င်းပုဂ္ဂိုလ်နှစ်ဦး၏ အကျိုးစီးပွားနှင့် လူမှုရေးသိက္ခာများကို မလိုလားသူ နေပြည်တော်၊ မြို့မဈေးမှ လူတချို့၏လွဲမှားစွာ သတင်းပေးပြောဆိုမှုကို အခြေခံ၍ ရေးသားခြင်းဖြစ်သောကြောင့် ကျွန်တော်၏ ရေးသားဖော်ပြချက်များမှာ မှားယွင်းခဲ့ရခြင်းဖြစ်ပါသည်။

ယင်းဖော်ပြချက်များကြောင့် နစ်နာခဲ့ရသူ ဦးအောင်ကျော်နှင့် ဦးသော်သော်တို့အား ခွင့်လွှတ်ပေးပါရန် အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။ နောက်နောင်တွင်လည်း ဤကဲ့သို့ နစ်နာအောင်ပြုမူဆောင်ရွက်ခြင်း မပြုတော့ပါကြောင်းလည်း ဝန်ခံကတိပြုပါသည်။

**ဦးမောင်ထွန်း**
**ထွန်းနေပြည်တော်**




## ဝမ်းမြောက်ဂုဏ်ယူခြင်း

မွန်ပြည်နယ်ကိုယ်စားပြု မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းဖြစ်သော ဆောက်သမ်းမြန်မာ ဘောလုံးအသင်းအနေနှင့် ၂၉-၁-၂၀၁၇ ရက်နေ့တွင် မော်လမြိုင်မြို့၌ အိမ်ကွင်းဖွင့်လှစ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းအတွက် မွန်ပြည်နယ် အစိုးရ၊ ဆောက်သမ်းမြန်မာ ဘောလုံးအသင်းပိုင်ရှင် ဦးဌေးမြင့်နှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ရှီးကျူးဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
မြန်မာနေရှင်နယ်လိဂ် (MNL)

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေး နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ နှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန။ကဏ္ဍ အလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက် များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက် ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုး ရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွား ရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုး တိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်း ဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသား စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်း ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇ . ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၄. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင် နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန် ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော် ကောင်စီနယ်မြေတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ် အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၅. ၃ ရာခိုင်နှုန်းမှ ၂၃. ၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှု ကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၄. ၉ ရာခိုင်နှုန်းမှ ၃၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုး အစားကို ၃၉. ၈ ရာခိုင်နှုန်းမှ ၄၀. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကိုကျပ် ၆၅၃၀၄. ၁ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၂. ၅၁ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၇. ၄၈ ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၆၅၉၀. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇၇၇၅. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၅၃၃၂၀၅ မှ ကျပ် ၁၇၁၀၅၈၂ သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊(၂)၊(၃)၊(၄)၊ (၅)၊(၆)နှင့်(၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ် ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသား များအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်း အမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင် ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်း များနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက် အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်း ပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့်စီမံကိန်း များအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ သည် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ ပြည်သူများအတွက်အကျိုး ရှိ၊ မရှိ ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသောလုပ်ငန်း စီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန် သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထား ချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပူးတွဲ-၁**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁၆,၃၉၉,၈၃၃.၆ | ၂၇.၅ | ၀.၆ | ၁၇,၀၅၈,၆၂၄.၅ | ၂၆.၇ | ၄.၀ |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈.၂ | ၁၉.၂ | ၀.၉ | ၁၁,၉၃၆,၂၆၂.၅ | ၁၈.၇ | ၄.၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃.၂ | ၈.၂ | ၁.၅ | ၅,၀၆၀,၇၂၆.၆ | ၇.၉ | ၃.၄ |
| | ၃ | သစ်တော | ၄၅,၂၀၈.၂ | ၀.၁ | -၆၄.၈ | ၆၀,၆၃၅.၄ | ၀.၁ | ၃၄.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁၈,၄၂၂,၉၄၂.၀ | ၃၀.၉ | ၈.၆ | ၂၀,၂၀၄,၀၉၀.၃ | ၃၁.၇ | ၉.၇ |
| | ၁ | စွမ်းအင် | ၇၇,၀၈၂.၅ | ၀.၁ | -၁၂.၇ | ၈၀,၂၂၀.၀ | ၀.၁ | ၃.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆.၇ | ၀.၉ | ၁.၉ | ၅၅၄,၈၀၇.၀ | ၀.၉ | ၆.၃ |
| | ၃ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇.၁ | ၂၂.၉ | ၉.၄ | ၁၅,၁၆၀,၆၂၄.၁ | ၂၃.၈ | ၁၁.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၁၄,၁၁၀.၁ | ၁.၄ | ၁၃.၇ | ၈၅၃,၄၀၈.၈ | ၁.၃ | ၄.၈ |
| | ၅ | ဆောက်လုပ်မှု | ၃,၃၄၄,၃၈၅.၆ | ၅.၆ | ၆.၂ | ၃,၅၅၃,၀၃၀.၄ | ၅.၆ | ၆.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၂၄,၈၅၆,၀၀၅.၂ | ၄၁.၆ | ၇.၁ | ၂၆,၅၈၀,၂၂၃.၂ | ၄၁.၆ | ၆.၉ |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈.၃ | ၁၂.၈ | ၆.၈ | ၈,၁၅၃,၆၉၃.၆ | ၁၂.၈ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈.၂ | ၄.၇ | ၇.၁ | ၂,၉၅၄,၅၈၅.၃ | ၄.၆ | ၄.၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇.၃ | ၀.၄ | ၁၈.၄ | ၂၉၅,၄၄၀.၉ | ၀.၄ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၇၀,၇၀၂.၁ | ၂.၆ | ၄.၃ | ၁,၆၄၁,၈၃၇.၈ | ၂.၆ | ၄.၅ |
| | ၅ | ငှားရမ်းနေရှင့်အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆.၃ | ၂.၇ | ၁၂.၁ | ၁,၇၈၀,၉၅၂.၇ | ၂.၈ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၀,၉၈၅,၇၁၃.၀ | ၁၈.၄ | ၆.၈ | ၁၁,၇၅၄,၇၀၂.၉ | ၁၈.၄ | ၇.၀ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | ၅၉,၆၇၈,၇၇၆.၈ | ၁၀၀.၀ | ၅.၇ | ၆၃,၈၄၃,၀၇၉.၀ | ၁၀၀.၀ | ၇.၀ |

ဆက်လက်ဖော်ပြပါမည်။



## ကိုလံဘီယာအလှမယ် ပွင့်ပြောလာတဲ့ စတိဗ်ဟာဗေးအတွက် အမှန်တရား

ယခုနှစ်အတွက် မယ်စကြဝဠာပြိုင်ပွဲကြီးရဲ့ နောက်ဆုံးအဆင့် ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၀ မှာ ကျင်းပခဲ့ရာမှာတော့ အဆိုပါပြိုင်ပွဲမှာ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ခဲ့တဲ့ နာမည်ကျော်ဟာသသရုပ်ဆောင် စတိဗ်ဟာဗေးအတွက် အမှန်တရားတစ်ခုကို ယခုနှစ်ရဲ့ ကိုလံဗီယာနိုင်ငံကိုယ်စားပြု အလှမယ်က ဖွင့်ဟပြောကြားလာခဲ့ပါတယ်။

၂၀၁၅ နှစ် မယ်စကြဝဠာပြိုင်ပွဲကြီးမှာ ယမန်နှစ်က ကိုလံဘီယာအလှမယ်ကို မယ်စကြဝဠာအဖြစ် မှားယွင်းကြေညာခဲ့တဲ့ အစီအစဉ်တင်ဆက်သူ စတိဗ်ဟာဗေးရဲ့အမှားအပေါ် ကိုလံဘီယာပြည်သူတွေရဲ့ခံစားချက်ကို ယခုနှစ်ပြိုင်ပွဲမှာ နောက်ဆုံး ဆန်ခါတင်သုံးဦးမှာ ပါဝင်ခဲ့တဲ့ ၂၀၁၆ ခုနှစ်ရဲ့ ကိုလံဘီယာအလှမယ် အန်ဒရီယာတိုဘာက ပြိုင်ပွဲစင်မြင့်ပေါ်မှာ စတိဗ်ဟာဗေး နဲ့တွေ့ဆုံစဉ်ပြောကြားခဲ့ပါတယ်။

ယခုနှစ်ပြိုင်ပွဲကြီးမှာ စတိဗ်ဟာဗေးက ကိုလံဘီယာအလှမယ်ရဲ့အလှကိုချီးမွမ်းခဲ့ပြီး သူ့ရဲ့သားကိုလက်ထပ်ကာ ချွေးမအဖြစ် လက်ခံပေးစေချင်ကြောင်း ပြောကြားခဲ့ရာမှာတော့ အန်ဒရီယာတိုဘာက အဆိုပါကမ်းလှမ်းမှုကို လက်မခံခင် သူ့အနေနဲ့ ကိုလံဘီယာပြည်သူတွေရဲ့ စတိဗ်ဟာဗေးအပေါ်ထင်မြင်ချက်ကို အရင်စဉ်စားရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီနောက် ကိုလံဘီယာပြည်သူတွေရဲ့ ခံစားချက်ကို အမှန်အတိုင်းကြားလိုခြင်းရှိမရှိ စတိဗ်ဟာဗေးကိုမေးခဲ့ရာ ဟာဗေးက အမှန်အတိုင်းမကြားနိုင်ကြောင်း ဟာသနှောကာပြောခဲ့ပါတယ်။ ဒါပေမယ့် ကိုလံဘီယာအလှမယ်က အမှန်အတိုင်း ဖြေရမယ်ဆိုပါက ကိုလံဘီယာပြည်သူတွေအနေနဲ့ မှားယွင်းကြေညာခဲ့သူ စတိဗ်ဟာဗေးကို အလွန်ပဲမုန်းနေကြကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး အန်ဒရီယာတိုဘာက သူ့အနေနဲ့တော့ လူသားတွေဟာအမှားနဲ့မကင်းနိုင်ကြသူတွေဖြစ်တယ်လို့ လက်ခံထားတဲ့အတွက် စတိဗ်ဟာဗေးရဲ့အမှားကို လက်ခံခွင့်လွှတ်ပေးနိုင်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ကိုလံဘီယာအလှမယ် အန်ဒရီယာတိုဘာဟာ ယခုနှစ်ရဲ့ မယ်စကြဝဠာပြိုင်ပွဲကြီးမှာတော့ the second runner-up ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ကာ ပြီးခဲ့တဲ့နှစ်က မယ်စကြဝဠာအဖြစ် မှားယွင်းကြေညာခြင်းခံခဲ့ရတဲ့ ကိုလံဘီယာအလှမယ်ကတော့ the first runner-upဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ကြောင်း ဖောက်ဖ်နယူးစ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



## ယခုနှစ်အတွင်း စစ်မှုထမ်းရတော့မယ်လို့ သတင်းတွေထွက်နေတဲ့ လီမင်ဟို

လတ်တလောမှာ တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော မင်းသားတွေအနက်တစ်ဦးအပါအဝင်ဖြစ်တဲ့ လီမင်ဟိုဟာ ယခုနှစ်အတွင်း စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်နေတယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လီမင်ဟိုဟာ ၂၀၁၇ ခုနှစ် မတ် (သို့မဟုတ်) ဧပြီလအတွင်း စစ်မှုထမ်းဆောင်ရတော့မှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၁ ရက်အစောပိုင်းက သတင်းတွေပေါ် ထွက်လာခဲ့တာ ဖြစ်ပါတယ်။

စစ်မှုထမ်းရဖို့ကာလဟာ အလွန်နီးကပ်နေပြီဖြစ်တဲ့အတွက် ယခင်ကစီစဉ်ခဲ့ပြီးသားဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၈ ရက်နဲ့ ၁၉ ရက်တွေ မှာကျင်းပသွားမယ့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲဟာ လီမင်ဟိုရဲ့ နောက်ဆုံးသောအနုပညာလှုပ်ရှားမှုတစ်ခု ဖြစ်လာမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

လီမင်ဟိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက "လတ်တလောအချိန်အထိတော့ လီမင်ဟိုအနေနဲ့ စစ်မှုစတင်ထမ်းရမယ့် ရက်အတိအကျကိုတော့ မသိရသေးပါဘူး။ ကျွန်တော်တို့လည်း အကြောင်းကြားစာရောက်လာမယ့်အချိန်ကို စောင့်နေကြတာပါ။ ရက်စွဲအတိအကျနဲ့ စာရောက်လာပြီဆိုရင်တော့ လီမင်ဟိုအနေနဲ့ စတင်စစ်မှုထမ်းရတော့မှာပါ"လို့ ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ စစ်မှုထမ်းဖို့အတွက် ပြင်ဆင်မှုတွေပြုလုပ်နေတဲ့ လီမင်ဟိုဟာ စစ်မှုမထမ်းခင်နောက်ဆုံးရုပ်ရှင်အဖြစ် ဇာတ်လမ်းတွဲရုပ်ရှင် " Legends of the Blue Sea "ကို ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၅ ရက်မှာ အပြီးသတ်ခဲ့တာလည်းဖြစ်ပါတယ်။

လာမယ့် မတ် (သို့မဟုတ်) ဧပြီလအတွင်း စစ်မှုထမ်းဆောင်ရတော့မှာဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (သို့မဟုတ်) ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းမှာမှ လီမင်ဟိုရဲ့စစ်မှုထမ်းကာလ ပြီးဆုံးမှာ ဖြစ်ပါတယ်။

## ဆယ်လီနာဂိုမက်ဇ် ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင် " In Dubious Battle"

ပေါ့ပ်ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ် ဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတဲ့ရုပ်ရှင် " In Dubious Battle"ရဲ့ အစမ်းရုပ်ရှင်ကို မကြာသေးမီက ထုတ်လွှင့်ပြသခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အလုပ်သမားတစ်စုနဲ့ အလုပ်ရှင်တွေအကြားက တိုက်ပွဲတွေကို ပုံဖော်ရိုက်ကူးထားတဲ့ အဆိုပါရုပ်ရှင်ကို ဂျိမ်းစ်ဖရန်ကိုက တာဝန်ယူရိုက်ကူးပေးကာ ဂျိမ်းစ်ဖရန်ကိုနဲ့အတူ ဆယ်လီနာဂိုမက်ဇ်တို့က ခေါင်းဆောင်ပါဝင်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာတော့ ဆယ်လီနာဂိုမက်ဇ်က ကလေးတစ်ယောက်ရဲ့မိခင်ဖြစ်တဲ့ ဆင်းရဲသားအလုပ်သမားတစ်ဦးအဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

နာမည်ကျော်စာရေးဆရာတစ်ဦးဖြစ်သူ ဂျွန်စတိန်းဘတ်ခ်ရဲ့ " In Dubious Battle"ဝတ္ထုကို ပြန်လည်အသက်သွင်းထားတဲ့ အဆိုပါ ရုပ်ရှင်မှာတော့ ပန်းသီးခြံတစ်ခြံအတွင်း အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေက အလုပ်ရှင်တွေကို ဆန္ဒပြခဲ့ကြရာ အလုပ်ရှင်နဲ့အလုပ်သမားအကြားက တိုက်ခိုက်မှုတွေနဲ့အတူ သတ်ဖြတ်မှုတွေ၊ ဝေါ်မွတ်မှုတွေနဲ့ မီးရှို့မှုတွေကို တွေ့မြင်ခံစားကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဗင်းနစ်ရုပ်ရှင်ပွဲတော်မှာ အစမ်းထုတ်လွှင့်ပြသခဲ့တဲ့ အဆိုပါရုပ်ရှင်ကိုပြီးခဲ့တဲ့ ဇန်နဝါရီ ၂၇ ရက်ကလည်း အီးအွန်လိုင်းဒေါ့ကွန်းကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပြီး အဆိုပါရုပ်ရှင်မှာ ဂျိမ်းစ်ဖရန်ကို၊ ဆယ်လီနာဂိုမက်ဇ်တို့နဲ့အတူ အခြားဟောလိဝုဒ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ နက်ထ်ဝုဖ်၊ ဗင်းဆန့်ဒ်အိုနိုဖရီရို၊ အက်ဒ်ဟဲရစ်၊ ရောဘတ်ဒူဗောလ် အစရှိတဲ့ သရုပ်ဆောင်ပေါင်းများစွာက ပါဝင်အားဖြည့်ထားကြောင်းလည်း သိရပါတယ်။

" In Dubious Battle"ရုပ်ရှင်ကို အမေရိကန်နိုင်ငံတစ်ဝန်းလာမယ့် ဖေဖော်ဝါရီ ၁၇ ရက်ကစတင်ပြီး ရုံတင်ပြသသွားနိုင်ရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း သည်



## Red Velvet ၏ တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံထွက်ရှိ

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " Red Velvet "ဟာ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် "Rookie"အတွက် ဓာတ်ပုံတွေကို အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါမီနီတေးအယ်လ်ဘမ်ဟာ"Red Velvet"အဖွဲ့ရဲ့ စတုတ္ထမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး မီနီတေးအယ်လ်ဘမ်ဖြစ်တဲ့အတွက် စုစုပေါင်းတေးသီချင်း ခြောက်ပုဒ်သာပါဝင်ကြောင်း သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ကိုတော့ တောင်ကိုရီးယားနိုင်ငံတစ်ဝန်းလာမယ့် ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး ဖြန့်ချိသွားမှာဖြစ်ကာ အဆိုပါနေ့မှာ အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့်လည်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။



## သရုပ်ဆောင်တစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် ပဲရစ်ဂျက်ဆင်

ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ပေါ့ပ်တေးသံရှင် မိုက်ကယ်လ်ဂျက်ဆင်ရဲ့သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာတော့ သူ့ရဲ့သရုပ်ဆောင်တစ်ဦးအဖြစ် ဖြစ်ခွင့်ရမယ့် ပထမဆုံးသောအခွင့်အရေးတစ်ရပ်ကို ရရှိခဲ့ပြီဖြစ်ပါတယ်။ မော်ဒယ်လ်တစ်ဦးအဖြစ်သာ ရပ်တည်ခဲ့တဲ့ ပဲရစ်ဂျက်ဆင်ဟာ တေးဂီတရုပ်ရှင်တစ်ခုမှာ ဧည့်သည်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒါရိုက်တာ လီဒန်နီယယ်စ်က တာဝန်ယူရိုက်ကူးပေမယ့် တေးဂီတအသားပေးရုပ်ရှင် "Star"ကို ဖောက်စ်ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး အဆိုပါရုပ်ရှင်မှာ ပဲရစ်ဂျက်ဆင်က ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

"Star"ဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်ပြီး ပဲရစ်ဂျက်ဆင်ပါဝင်သရုပ်ဆောင်ထားတဲ့ အပိုင်းကိုတော့ လာမယ့်ဗုဒ္ဓဟူးနေ့မှာ စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ပဲရစ်ဂျက်ဆင်ဟာ ဖခင်ဖြစ်သူ မိုက်ကယ်လ်ဂျက်ဆင်ရဲ့ အနုပညာအမွေကို ဆက်ခံကာ အနုပညာလုပ်ငန်းတွေကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွေးချယ်ခဲ့ပြီး မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ခြေချခဲ့ကာ ယခုအခါမှာတော့ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အခွင့်အရေးရလာခဲ့တာ ဖြစ်ပါတယ်။ ❑

# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

*ဘာစီလိုနာ ဥက္ကဋ္ဌ ဘာတိုမူက မက်ဆီကို စာချုပ်သစ် ကမ်းလှမ်းဖို့အသင့်ဖြစ်နေပြီလို့ပြောခဲ့ပေမယ့် အခုထိ မက်ဆီထံ ဒီကမ်းလှမ်းချက်မရ သေးတဲ့ ကိစ္စ၊ နိုက်ကီရဲ့ ဂုဏ်ပြုခံ ဘောလုံးကန် ဖိနပ်ဝတ်ဆင်ထားပေမယ့် အစွမ်းပြခွင့်မရရှိခဲ့ တဲ့ ရွန်းနီ၊ စူပါမန်းဖြစ်သွားတဲ့ အက်သလက်တီကို စတား ဂရစ်ဇ်မန်း၊ အသက်(၃၅)နှစ် အရွယ်ရောက်မှ ၁၈ခုမြောက် ဂရင်းစလင်း ဖလားကို ရယူနိုင်တဲ့ ဖက်ဒဲရာ စတဲ့ သတင်းတွေအပြင် ဒီတစ်ပတ်ရဲ့ထူးခြားအားကစားသတင်းများကို တင်ဆက်ပေးလိုက်ပါတယ်။*

မေလွဲ့သင်း စုစည်းတင်ဆက်သည်။



## ဖက်ဒဲရာ–နာဒဲလ်ထိပ်တိုက်အဆုံနဲ့ ထူးခြားတဲ့ ၂၀၁၇ ဩစတြေးလျအိုးပင်း

ဆွစ်ဇာလန် တင်းနစ်အကျော်အမော် ဖက်ဒဲရာနဲ့ နာဒဲလ်တို့တွေ့ဆုံခဲ့တဲ့ ၂၀၁၇ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲက အရင်နှစ်တွေကထက် ထူးခြားနေတယ်လို့ အားကစား သုံးသပ်သူတွေက ယူဆပါတယ်။ ဘာကြောင့်ပါလဲ။ ဖက်ဒဲရာနဲ့ နာဒဲလ်တို့နှစ်ဦးပေါင်း ရယူထားတဲ့ ဂရင်းစလင်းဖလားအရေအတွက်ကို ကျန်ခေတ်ပြိုင်ကစားသမားတွေ လိုက်မမီဖို့ နေနေသာသာ အများကြီးပြတ်ကျန်နေတဲ့ အနေအထားပါ။

သူတို့နှစ်ဦး နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဂရင်းစလင်း ဗိုလ်လုပွဲဟာ ၂၀၁၁ ခုနှစ် ပြင်သစ်အိုးပင်းမှာဖြစ်တာကြောင့် ခြောက်နှစ်တာကာလအတွင်း ပထမဦးဆုံး ဂရင်းစလင်းဗိုလ်လုပွဲအဆင့်မှာ ပြန်တွေ့တာဖြစ်ပါတယ်။ အဲဒီနောက် နှစ်ဦးစလုံး အသက်အရွယ်ကြီးလာမှု၊ ဒဏ်ရာပြဿနာတွေ ကြုံတွေ့လာမှုကြောင့် ဖက်ဒဲရာ- နာဒဲလ်ခေတ်ကုန်ခဲ့ပြီလို့ အများစုက ယူဆချိန်မှ သူတို့နှစ်ဦး တစ်ကျော့ပြန် ရင်ဆိုင်ရဖို့ အကြောင်းဖန်လာတာဖြစ်ပါတယ်။ သူတို့နှစ်ဦးကိုယ်တိုင်ကလည်း ဒီပွဲဟာ သာမန်ထက်ပိုပြီး ထူးခြားတဲ့ပွဲလို့ မှတ်ချက်ပြုခဲ့ကြပြီး တင်းနစ်ပရိသတ်တွေလည်း ဒီပွဲကို စိတ်ခံစားမှု အပြည့်နဲ့ အားပေးခဲ့ကြပါတယ်။ လေးနာရီနီးပါးကြာအောင် ကစားကြပြီးနောက် ဖက်ဒဲရာက အစဉ်အလာပိုင်းမှာ အသာရလေ့မရှိတဲ့ နာဒဲလ်ကို ၆-၄၊ ၃-၆၊ ၆-၁၊ ၃-၆၊ ၆-၃ နဲ့ ကစားပြီးနောက် သူ့အတွက် ၁၈ ခုမြောက် ဂရင်းစလင်း ဖလားအဖြစ် သိမ်းပိုက်သွားပါတယ်။

ဒီပွဲမှာ အရှုံးနိမ့်သွားခဲ့တဲ့ နာဒဲလ်က တော့ ပီဆန်းပရက်စ်ရဲ့ ဂရင်းစလင်း ၁၄ ခု စံချိန်ကို ချိုးဖျက်နိုင်တဲ့ ကစားသမားဖြစ်ခွင့် အိပ်မက်ဆုံးရှုံးသွားရပါတယ်။

## ဟန်ဆောင်ကောင်းတဲ့ ဆီနီဂေါဂိုးသမား

အာဖရိကဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဆီနီဂေါအသင်းနဲ့ အယ်လ်ဂျီးရီးယားအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျနေချိန် ပွဲချိန် ၈၈ မိနစ်မှာ ဆီနီဂေါဂိုးသမားကာဒီဇနိုင်းကို အချိန်ဆွဲဖို့ ဒဏ်ရာရသွားသယောင် ဟန်ဆောင်ခဲ့တာကို ဗီဒီယိုအမြန်ပြကွက်တွေမှာ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါတယ်။ ကာဒီဇနိုင်းရဲ့အပြုအမူက ရည်ရွယ်ချက်ရှိရှိ တမင်တကာလုပ်ဆောင်တာပေါ်ပေမယ့် အာဖရိကဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်တစ်စုံတစ်ရာချမှတ်ခြင်းမရှိတာကြောင့် အနည်းငယ်အံ့ဩဖို့ကောင်းတယ်ဆိုတဲ့ ဝေဖန်မှုတွေလည်း နောက်ဆက်တွဲအဖြစ် ထွက်လာပါတယ်။ ဆီနီဂေါအသင်းက ဒီပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့တဲ့တိုနီရှားနဲ့ ဇင်ဘာဘွေအသင်းတို့နဲ့ ပွဲစဉ်မှာ နှစ်ဂိုးပြတ်ရလဒ်နဲ့ အနိုင်ရရှိပြီးသား ဖြစ်တာကြောင့် တစ်မှတ်ရရုံနဲ့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာနေပြီဖြစ်ပါတယ်။ အယ်လ်ဂျီးရီးယားအသင်းကတော့ အုပ်စုတက်ရေး မျှော်လင့်ချက်မရှိတော့ပေမယ့် မာရက်ဇ်လို နာမည်ကျော်ကစားသမား ပါဝင်နေတာကြောင့် ဂုဏ်သိက္ခာအတွက် အနိုင်ရလဒ်ရရှိဖို့ အားထုတ်ခဲ့ပေမယ့် ကာဒီဇနိုင်းရဲ့ ဟန်ဆောင်ကောင်းမှုကြောင့် နစ်နာတယ်လို့တော့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆီနီဂေါ အသင်းကလည်း ကင်မရွန်းအသင်းကို ပင်နယ်တီ အဆုံးအဖြတ်နဲ့ အရှုံးနိမ့်ခဲ့ပြီး အာဖရိကဖလားပြိုင်ပွဲကနေ ထွက်ခွာခဲ့ရပြီဖြစ်ပါတယ်။

## cdír&ao rj




ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူက မက်ဆီလို ကမ္ဘာ့အကောင်းဆုံး ကစားသမားကို လက်လွှတ်ခံမှာ မဟုတ်ဘဲ စာချုပ်သက်တမ်းတိုးဖို့ အလျင်အမြန် ဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ပေမယ့် တကယ်တမ်းကျတော့ ခုထိ ကမ်းလှမ်းမှုအသစ်ကို မက်ဆီ မရရှိသေးပါဘူး။ ဘာတိုမူက မက်ဆီရဲ့ အနာဂတ်အပေါ် စိုးရိမ်နေတဲ့ ပရိသတ်တွေကို သေချာတဲ့ အဖြေတစ်ရပ်ရှာဖွေပေးမယ်လို့ ကတိပေးထားပေမယ့် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြန့်ကြာနေတာကြောင့် မက်ဆီနဲ့ ဘာစီလိုနာကိစ္စကို ခြိမ်း၍ မရွာသောမိုးလို့တောင် အမည်တပ်ရတော့မလိုပါပဲ။ ၂၀၁၆ခုနှစ် နှစ်ကုန်ခါနီးတုန်းက ဘာစီလိုနာရဲ့ စာချုပ်သစ် ကမ်းလှမ်းမှုကို မက်ဆီ ငြင်းပယ်ခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ် မန်ယူ၊ မန်စီးတီး၊ ပြင်သစ်ပထမတန်း ပီအက်စ်ဂျီ၊ တရုတ်စူပါလိဂ်အသင်းတွေကလည်း မက်ဆီခေါ်ယူရေး ကိစ္စရပ်အတွက် အတော်လေး ခြေရှုပ်ခဲ့တာဖြစ်ပါတယ်။ ဘာတိုမူကတော့ ဘယ်ကိစ္စကို ဆောင်ရွက်ဆောင်ရွက် အချိန်အနည်းနဲ့အများတော့ ယူရတာဖြစ်တာကြောင့် ခဏတော့ စိတ်ရှည်ကြပါဦးလို့ ဘာကာပရိသတ်တွေကို မေတ္တာရပ်ခံထားပါတယ်။

## ဒဏ်ရာပြဿနာများနဲ့ ရီးယဲလ်

ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြဇီဒန်းလက်ထက်မှာ အကောင်းဆုံးပုံစံတစ်ရပ်နဲ့ ပွဲ ၄၀ ရှုံးပွဲမရှိ စံချိန်တစ်ရပ်ကို မှတ်တမ်းသစ်ရေးထိုးနိုင်ပြီးနောက် ဆီဗီလာနဲ့ ဆယ်လ်တာဗီဂို အသင်းတွေကို နှစ်ပွဲဆက်တိုက် အရေးနိမ့်ကာ အသင်းရဲ့ အကောင်းဆုံးပုံစံတစ်ရပ်လည်းပျောက်သွားခဲ့ပါတယ်။ အဲဒီနောက်ကစားရတဲ့ပွဲမှာ မာလာဂါအသင်းကို ရာမို့စ်ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုး-တစ်ဂိုးဆိုတဲ့ရလဒ်နဲ့သာ ကပ်နိုင်ခဲ့သလို ကိုပါဒယ်ရေး ကွာတားဖိုင်နယ် ဒုတိယအကျော့မှာလည်း ဆယ်လ်တာဗီဂိုအသင်းကို နှစ်ဂိုးစီ သရေသာ ကစားနိုင်ခဲ့ပြီးနောက် ရီးယဲလ်အသင်း ပြိုင်ပွဲကနေ ထွက်ခွာခဲ့ပြန်ပါပြီ။ ဒါပေမယ့် ဆိုစီဒက်နဲ့ပွဲမှာတော့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့် နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ခြောက်ပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တဲ့ ရီးယဲလ်အသင်း ရလဒ်ပိုင်း အကျဘက်ကို ထိုးဆင်းသွားတယ်ဆိုတာကတော့ ဘယ်သူမှ မငြင်းနိုင်တဲ့အချက် ဖြစ်နေပါတယ်။ ဒီပုံစံအတိုင်းဆို ရီးယဲလ် လွန်ခဲ့တဲ့ တစ်ရာသီကျော် ကာလကလို အနေအထားမျိုး ပြန်ရောက်သွားမလားဆိုတဲ့ စိုးရိမ်မှုတွေပါ တစ်ဖက်မှာ မြင့်တက်လာပါတယ်။ အဲဒီအချိန်တုန်းက ရီးယဲလ်အသင်းကို နည်းပြအန်စလော့တီတာဝန်ယူကိုင်တွယ်နေပြီး ရလဒ်တွေ တောက်လျှောက်ကောင်းနေခဲ့ပေမယ့် ဒဏ်ရာပြဿနာတွေ ကြုံတွေ့ခဲ့ရပြီးနောက်မှာတော့ လာလီဂါ၊ ချန်ပီယံလိဂ်၊ ကိုပါဒယ်ရေး ပွဲစဉ်တွေအားလုံးဆုံးရှုံးပြီး ဖလားလက်မဲ့ ရာသီကိုဖြတ်သန်းခဲ့ရပါတယ်။ ဒီနှစ်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှာ ဒဏ်ရာ ရကစားသမား ခြောက်ဦးအထိရှိနေပြီး ဒီကစားသမားတွေကလည်း အသင်းအတွက် အားကိုးရတဲ့ကစားသမားတွေဖြစ်နေတာကြောင့် ကစားသမားခေါ်ယူခွင့် တစ်ကြိမ် ပိတ်ပင်ခံထားရတဲ့ ရီးယဲလ်အတွက်တော့ တကယ့်ကို အကျပ်ရိုက်နေရတဲ့ ကိစ္စပါ။ ဒဏ်ရာပြဿနာ ကြုံတွေ့နေရတဲ့ ကစားသမား တွေကတော့ ဂါရတ်ဘေးလ် (ခြေချင်းဝတ်)၊ ပီပီ (ခြေသလုံး)၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ် (ခြေသလုံး)၊ ကာဗာဂျယ်(ကြွက်သားမျှင်)၊ မိုဒရစ်( ကြွက်သား)၊ မာဆယ်လို (ကြွက်သား ဒဏ်ရာ ) တို့ဖြစ်ပါတယ်။



## စူပါမန်း တစ်ဖြစ်လဲ ဂရစ်ဇ်မန်း

ပြင်သစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းက Lego ရုပ်ရှင်သစ်ဖြစ်တဲ့ လင်းနို့လူသားဇာတ်ကားမှာ အသံသရုပ်ဆောင်အဖြစ် ပါဝင်မယ်ဆိုတာကို သူ့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာကတစ်ဆင့်အတည်ပြုခဲ့ပါတယ်။ ဂရစ်ဇ်မန်းကို စူပါမန်းအဖြစ် ပါဝင်ဖို့ ဒါရိုက်တာမက်ကေးက ကမ်းလှမ်းခံခဲ့ရတာဖြစ်ပါတယ်။သူက လာမယ့်နွေဈေးကွက်မှာ ပြင်သစ်အသင်းဖော် ပေါ့ဘာရှိနေတဲ့ မန်ယူကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ နဲ့ ပြောင်းရွှေ့မယ်လို့ သတင်းထွက်နေပြီး ပြီးခဲ့တဲ့ရက်ပိုင်းကပဲ သူ့ရဲ့အစ်ကိုသီယို ဂရစ်ဇ်မန်းက သူဟာ မန်ယူအသင်းကို အကြီးအကျယ်အားပေးတဲ့ ပရိသတ်တစ်ယောက်ဖြစ်တယ်လို့ အင်စတာဂရမ်စာမျက်နှာပေါ် တင်ခဲ့လို့ဂရစ်ဇ်မန်းတို့ မိသားစုဝင်တွေက မန်ယူပရိသတ်တွေကို ပြောင်လှောင်နေတယ်လို့ မီဒီယာတွေက ဖွခဲ့ကြပါသေးတယ်။ အက်သလက်တီကို နည်းပြ ဆီမြွန်နီကတော့ ဂရစ်ဇ်မန်းလို စွမ်းဆောင်ရည်ကောင်းသူကို ဥရောပ အသင်းကြီးတွေ အလိုရှိနေကြတာ မဆန်းပါဘူးလို့သာ တုံ့ပြန်ခဲ့ပြီး အက်သလက်တီကိုက ဂရစ်ဇ်မန်း ထွက်ခွာဖို့ရှိသလားဆိုတဲ့ မေးခွန်းကိုတော့ တိတိပပ ဖြေကြားခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် အက်သလက်တီကိုစတား ဂရစ်ဇ်မန်း အနေနဲ့ သရဲနီဖြစ်မဖြစ် မသေချာသေးပေမယ့် စူပါမန်းဖြစ်လာဖို့တော့ သေချာနေပြီဖြစ်ပါတယ်။

## ဂုဏ်ပြုခံဘောလုံးကန်ဖိနပ်နဲ့ အစွမ်းပြခွင့်မရတဲ့ ရွန်းနီ

မန်ယူနဲ့ ဟားလ်စီးတီးအသင်းတို့ အီးအက်ဖ်အယ်လ်ဖလား အကြိုဗိုလ်လုပွဲစဉ်အတွင်း မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီက သူရဲ့ စံချိန်တင်သွင်းဂိုးအတွက် နိုက်ကီကုမ္ပဏီက ထုတ်လုပ်ပေးထားတဲ့အထူးဘောလုံးကန်ဖိနပ်ကို ဝတ်ဆင်ထားပေမယ့် ပွဲထွက်ကစားခွင့်မရရှိဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ရပါတယ်။

ဝိန်းရွန်းနီဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ဆာဘော့ဘီချာ်လ်တန်ရဲ့ ၄၄ နှစ်ကြာတည်ရှိခဲ့တဲ့ ၂၄၉ ဂိုး စံချိန်ကို ကျော်ဖြတ်ပြီး မန်ယူအတွက် သူရဲ့ ၂၅၀ ပြည့် သွင်းဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ရွန်းနီ ဝတ်ဆင်ခဲ့တဲ့ ဒီဘောလုံးကန်ဖိနပ်ကို နိုက်ကီကုမ္ပဏီက အရေးအတွက် ကန့်သတ်ထုတ်လုပ်ထားတာဖြစ်ပြီး ဟိုက်ပါဗန်နော့စ်လို့ အမည်ရပါတယ်။ ဒီဂုဏ်ပြုခံ ဖိနပ်ကို မန်ယူအသင်း ဝတ်စုံအရောင်နဲ့ တူညီအောင်လည်း အနီ၊ အဖြူနှင့် အနက် သုံးရောင်စပ်ထားပြီး ဖိနပ်လျှာပေါ်မှာ "၂၅၀" ဆိုတဲ့ စာသားကို "ကလပ်အသင်းအတွက်" လို့ရေးထိုးထားတဲ့ သရုပ်ပုံနဲ့ ပြန်လည်ပတ်ထားတာဖြစ်ပါတယ်။ ဒီလို အထူးဖိနပ်ကို ဝတ်ဆင်ထားပေမယ့် အရန်ခုံမှာပဲ ထိုင်နေရတာကြောင့် ရွန်းနီတစ်ယောက် စူပါလိဂ်ကို ပြောင်းဖို့ ခြေလှမ်းတွေ ပိုပိုနီးစပ်လာပြီလို့တော့ သုံးသပ်ရပါတယ်။

# တစ်ပိုင်တစ်နိုင်လက်ရက်ကန်းလုပ်သူများ ပိုးပါးချိတ်ကိုသာ အားထားရက်လုပ်လျက်ရှိ



**အမရပူရ ဇန်နဝါရီ ၃၁**
အမရပူရနယ်မှ တစ်ပိုင်တစ်နိုင်လက်ရက်ကန်းလုပ်သူများမှာ ပိုးပါးချိတ်လုံချည်များကိုသာ အားထားရက်လုပ်လျက်ရှိသည်။လက်ရှိကာလတွင် လက်ရက်ကန်းရက်လုပ်သူနည်းပါးလာသော်လည်း အဆင်ဆန်းများကို ရက်လုပ်သည့်အတွက် ပုံမှန်အလုပ်ဖြစ်လျက်ရှိသည်။ လက်ရက်ကန်းတစ်စင်လျှင် စင်အလွတ်ချည်း ငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရသည်။ အတိုင်အဖောက်ချည်များအတွက် တစ်သိန်းကျော် ရင်းနှီးရသည်။လက်ရက်ကန်းစင်တစ်စင် အပြီးအစီးငွေကျပ် ၂သိန်းမှ ၃သိန်းအထိ ရင်းနှီးရသည်။

လက်ရှိကာလတွင် အမရပူရနယ်ရှိ လက်ရက်ကန်းများမှာ ပိုးပါးချိတ်လုံချည်များကို ရက်လုပ်ကြသည်။ လက်ရက်ကန်းတစ်စင်တွင် ပိုးချည်နှစ်ပိဿာတန်းများရက်လုပ်ပြီး တစ်တန်းလျှင်လုံချည်ကွင်း ၅၀ ထွက်ရှိသည်။ အသုံးပြုသည့်ချည်မှာ ပိုးချည်အမျိုးအစားဖြစ်သည်။ ပိုးချည်ကုန်ကြမ်းဈေးမြင့်တက်လျက်ရှိသည်။ ပိုးချည်တစ်ပိဿာလျှင် ငွေကျပ်တစ်သိန်းတစ်သောင်းပေးရသည်။ ယမန်နှစ်က တစ်ပိဿာလျှင် တစ်သိန်းလေးထောင်မျှသာရှိသည်။ လုပသောပိုးပါးချိတ်လုံချည်များကို ကုန်သည်ထံဖောက်သည်သွင်းဈေးမှာ တစ်ကွင်းလျှင် ငွေကျပ်တစ်သောင်းလေးထောင်ဖြင့်ဖောက်သည် သွင်းကြရသည်။ ကုန်သည်များမှာ ပိုးပါးချိတ်များကို ရွှေကြောထိုးကျောက်ကပ်ကာ ရောင်းချခြင်းများလည်းပြုလုပ်ပြီး အဆင်ဒီဇိုင်းပေါ်မူတည်ကာ ဈေးနှုန်းကွာခြားသွားသည်။

ယခုအခါ အထည်ဈေးကွက်အေးသော်လည်း ပိုးပါးချိတ်လုံချည်များမှာ ပုံမှန်ဈေးအတိုင်း ရှိနေသည်။ ဘွဲ့ယူသည့်ကာလတွင် ပိုးပါးချိတ်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

**စိုးရွှေ**

## နတ်တလင်းမြို့နယ်တွင် မှုခင်းကျဆင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

**နတ်တလင်း ဇန်နဝါရီ ၃၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ဘက်ခြမ်း ပွဲသာကျေးရွာအုပ်စု ပွဲသာရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ဇန်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက မှုခင်းကျဆင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

တာပွန်နယ်ရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်ဇော်မိုးက မှုခင်းမဖြစ်ပေါ်အောင်ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပေါ်လာပါက ကျခံရမည့်ပြစ်ဒဏ်များအကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူးစီးဌာန ဒုတိယဦးစီးမှူးဦးကိုကိုမောင်က ပွင့်လင်းရာသီ၌ ကျေးလက်ဒေသများတွင် ဖြစ်လေ့ဖြစ်ထရှိသော မီးလောင်မှုများအကြောင်း၊ ကျေးရွာများတွင် လယ်မီးကိုင်းမီးတောမီးများမှတစ်ဆင့် ကူးဆက်လောင်ကျွမ်းခြင်းအန္တရာယ် ကြိုတင်ကာကွယ်ထားကြရန်၊ ရွာနောက်ဘက်ရှိခြံစပ်များနေရာ၌ မီးတားလမ်းများ ဝိုင်းဝန်းရှင်းလင်းထားကြရန်နှင့် ကျေးလက်ဒေသမီးငြိမ်းသတ်နည်းများဟောပြောခြင်း၊ ကျေးရွာများတွင် မီးလောင်မှုဖြစ်ပေါ်ပါက အရေးပေါ်မီးသတ်ကားများ အချိန်မီရောက်ရှိရေးအတွက် လမ်းတံတားများစုပေါင်းပြုပြင်ဆောင်ရွက်ထားကြစေလိုကြောင်း၊ ကျေးရွာများတွင် အုတ်ရေလှောင်ကန်များ ပြုလုပ်ထားရှိရန်နှင့် ရေအသင့်သိုလှောင်ထားရှိကြရန် ပြောကြားခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ ကျေးလက်နေပြည်သူ ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝ၇၁)**

## မှိုမွေးမြူစိုက်ပျိုးနည်းနှင့်ဘိုကာရှိမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၃၁**
ကျေးလက်နေပြည်သူများအား တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် မိသားစုဝင်ငွေတိုးပွားရရှိနိုင်စေရန်ရည်ရွယ်၍ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲတို့ပူးပေါင်း၍ မှိုမွေးမြူစိုက်ပျိုးနည်းနှင့် ဘိုကာရှိမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်းက ကျေးလက်နေပြည်သူများအတွက် သင်တန်းများဖွင့်လှစ်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးချိုက သင်တန်းကာလအတွင်း မှိုမွေးမြူစိုက်ပျိုးနည်းနှင့် ဘိုကာရှိမြေဩဇာပြုလုပ်နည်း လုပ်ငန်းအဆင့်ဆင့်ကို စာတွေ့လက်တွေ့ သင်ကြားပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ စိတ်ပါဝင်စား သူ ၃၂ ဦးတို့တက်ရောက်လျက်ရှိပြီး ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေကုက္ကို**

## အင်းတော်မြို့နယ်တွင် ကျောက်စီမြေထိန်းနံရံပြုလုပ်

**အင်းတော် ဇန်နဝါရီ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဆည်ရွာကျေးရွာအုပ်စု ဆည်ရွာချောင်းရေတိုက်စားမှုခံခဲ့ရသောနေရာအား ကျောက်စီမြေထိန်းနံရံကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်စီမြေထိန်းနံရံမှာ အလျား ၆၅ ပေ၊ အမြင့် (မြေဝင်) အပါအဝင် ၁၄ ပေဖြစ်သည်။ ချောင်းရေတိုက်စားမှုဒဏ်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ရေကာတာအောက်ဘက်ရှိ အင်းတော်မြို့နယ် မန်လည်ဒေသမှထွက်ပေါက်ဖြစ်သော တံတားနှင့်လမ်းကိုပါ ရေတိုက်စားမှုဒဏ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။ **၆၈၅**



&ef ukf t aemu f ydkc½dkf apm&ef ydkf awmif ykfuufil vrf ay&Sqif 0if vrf axmif t0if vrf a&ajrmif rSu dyufuH if aejcif alumif a'ozkd a&; taumif t xnf zmf aqmif ufonf taejzif a&ajrmif t m; wkyf yef vnf cif a&ajrmif ay if yef vnf wyf qif cif vrf yyif cif uk Zef0 &30 uf eHuyf u tvkU, tykf yf a&;rS0D vif Zm frkU, pnyif om , m? tvkU, f a&ESbe rSf rk Sufxmuf uDuyf a&;rS0D vif tmif 0if ESvrf wWm; tif if D, m0D Pf rpk ef wkU uif qif aqmif ufchumif ood onf ဓာတ်ပုံ – ရွှေတိုင်လွင်

## ဆိပ်ဖြူမြို့နယ်တွင် ဒေသခံပြည်သူများအား အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်းမှ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ဆိပ်ဖြူ ဇန်နဝါရီ ၃၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့က ဒေသခံပြည်သူအများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၉ ရက်က အ. ထ. က ဆိပ်ဖြူတွင် ဆောင်ရွက်ပေးခဲ့သည်။

ဆိပ်ဖြူမြို့နယ်မှ ဒေသခံပြည်သူအများအား အနန္တမြန်မာ့မေတ္တာဖောင်ဒေးရှင်း ဇီဝိတဒါန နယ်လှည့်ဆေးကုသမှုအဖွဲ့တွင် အထူးကုဆရာဝန်ကြီး ၁၅ ဦး၊ဆရာဝန် ၃၅ ဦးနှင့် ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများ၊ဆေးတက္ကသိုလ်များမှ ဆေးကျောင်းသားများ စုစုပေါင်း ၇၀ ခန့်က ဒေသခံပြည်သူ ၁၂၇၉ ဦးအား ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ဆိပ်ဖြူမြို့နယ်ဆေးရုံတွင် ခွဲစိတ်အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခဲ့ကြောင်းသိရှိရကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်လာရောက်ခဲ့သည့် ဒေသခံပြည်သူများအား လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ဓမ္မအလင်းစာကြည့်တိုက်အဖွဲ့၊ သင်္ဂဟ၊ ကမ်းဆင့်လက်လှမ်းကူညီရေးအဖွဲ့များနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တို့က လိုအပ်သောကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

